ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့၊ (3-11-2014) (၈၁၃၃)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သောကံဟူ၍ မရှိပေ။

သေကျွတောင်ဆရာတော် ဦးတိလောက

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝတ်မှုန်ကူးပွဲတော်နှင့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်စက်မှုလယ်ယာ ဧက ၃၀၀၀ စံပြစိုက်ကွင်း၌ ပြုလုပ်သည့် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်း ဝတ်မှုန်ကူးပွဲတော်အား ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဆင့်မြင့်စက်မှုလယ်ယာဧက ၃၀၀၀ စံပြစိုက်ကွင်းမှ ဝန်ထမ်းများအား ဂုဏ်ပြုဝတ်စုံများပေးအပ်ပြီး ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က ဝန်ထမ်းများနှင့် ကောက်စိုက်လုံမေများအား အချိုရည်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ဧက ၃၀၀၀ ရှိ ၂၀၁၄ -၂၀၁၅ ခုနှစ် မိုးစပါးရိတ်သိမ်းနေမှုအား ကြည့်ရှုခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ တောင်သူပညာပေးစံပြစိုက်ကွင်းသို့ ရောက်ရှိပြီး ဒေါ်ကျော့ကျော့ခိုင်၏ မိုးစပါးသုံးဧကတွင် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် ခေတ်မီလယ်ထွန်စက်များဖြင့်ထွန်ယက်နေမှုတို့အား ကြည့်ရှုကာ အလျင်လိုကျေးရွာမှ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ပုလဲသွယ်စပ်မျိုးစပါး မိုးစပါးစိုက်ကွင်းများနှင့် မျိုးစေ့ထုတ်စိုက်ခင်းဝတ်မှုန်ကူးပွဲတော်အား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရှင်းလင်းဆောင်ခန်းမ၌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းအား လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေမှုနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြရာတွင် တစ်နိုင်ငံလုံး၏ စိုက်ပျိုးဧက ပမာဏနှင့်နှိုင်းယှဉ်တွက်ချက်ပါက ယနေ့အထိ ဆောင်ရွက်နိုင်မှုပမာဏသည် နည်းနေသေးသော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဟန်ချက်ညီစွာ အရှိန်အဟုန်မြင့်ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဆိုလျှင် တောင်သူလယ်သမားများအတွက် ဝင်ငွေနှစ်ဆ တိုးတက်လာစေပြီး ဆင်းရဲနွမ်းပါးမှုကို ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းနေမှုအား ကြည့်ရှုစဉ်။**
(သတင်းစဉ်)





**ကြေးမုံ စာတည်းရှေ့ထောင့်** **၃-၁၁-၂၀၁၄၊ တနင်္လာနေ့**

## ကျောင်းဝန်းကျင်နှင့် ကိုက်တစ်ရာ

မြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိ အခြေခံပညာကျောင်းများဝန်းကျင်တွင် ဖွင့်လှစ်ထားသည့် အရက်ဆိုင်၊ ဂိမ်းဆိုင်နှင့် ကွမ်းယာဆိုင်တို့ကို ဖယ်ရှားရန် မြို့နယ်အဆင့် သက်ဆိုင်ရာတာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း သတင်းတစ်ခုကို ကြားသိလိုက်ရသည်။ ကျောင်းသားလူငယ်များ အကျင့်စာရိတ္တချို့ယွင်းမှုမရှိစေရန်ရည်ရွယ်ပြီး ထိုဒေသရှိမြို့နယ်တိုင်းတွင် ဖော်ပြပါဆိုင်များကင်းစင်အောင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုထားသည်။

အချို့ကျောင်းသားများသည် နေအိမ်မှကျောင်းသို့ထွက်ခွာခဲ့သော်လည်း ကျောင်းသို့မရောက်ဘဲ ကျောင်းအနီးဝန်းကျင်ရှိ ဂိမ်းဆိုင်တွင်သာ အချိန်ကုန်ခဲ့ကြသည်။ အချို့လည်း ကွမ်းစား၊ ဆေးလိပ်သောက်ပြီးမှ ကျောင်းသို့ရောက်လာတတ်သည်။ အချို့ကော်ရှူသည့်အလေ့အထတို့ပင် ရှိလာကြကြောင်း မြို့ခံမိဘတို့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းအချို့၏ မျက်နှာစာတွင်လည်း ကျောင်းနှင့် ကိုက်တစ်ရာအတွင်း ဈေးမရောင်းရဆိုင်းဘုတ်များကို တွေ့လာရသည်။ သို့သော်လည်း လိုက်နာမှုမရှိသည်ကို တွေ့ရသည်။ ကျောင်းအားလုံးနီးပါးဝန်းကျင် ကိုက်တစ်ရာအတွင်းမှာပင် လက်ဖက်ရည်ဆိုင်၊ ဂိမ်းဆိုင်နှင့် ကွမ်းယာဆိုင်များဖြင့် စည်ကားလျက်ရှိသည်။

ကွမ်းစား၊ ဆေးလိပ်သောက် ပုံမှန်ပြုလုပ်တတ်ကြသော မိဘများ၏ ကလေးငယ်များလည်း ကွမ်းစား၊ ဆေးလိပ်သောက် ပြုလုပ်တတ်သည်မှာ အဆန်းမဟုတ်၊ အတုမြင်အတတ်သင် ပြုလုပ်တတ်ကြသည်မှာ မိဘများ၏ မဆင်ခြင်မှုကြောင့်ဟု ဆိုရမည်ဖြစ်သည်။ ကျောင်းမှအုပ်ချုပ်သူဆရာများက မသင့်လျော်သဖြင့် တားမြစ်ကြ၊ စည်းကမ်းထုတ်ကြသော်လည်း လုပ်သမျှ အရာမထင်။

ဆေးလိပ်နှင့် ကွမ်းကို မသုံးစွဲသင့်ကြောင်း ကျန်းမာရေးအသိ အားနည်းနေသည်ဟု ဆိုနိုင်သည်။ ဤကိစ္စကို မလုပ်နှင့်ဆိုသည်ထက် မလုပ်သင့် မလုပ်ထိုက်ကြောင်း ကလေးငယ်များအား ယုတ္တိရှိရှိနှင့် လက်တွေ့ကျကျ ရှင်းပြသင့်သည်။ ကွမ်းတွင်ပါသည့် ဆေးရွက်ကြီးကြောင့် ကင်ဆာဖြစ်နိုင်ပုံကို ကလေးတို့အား လက်တွေ့ပြသသင့်သည်။ ဆေးလိပ်သောက်သူရော၊ ဆေးလိပ်ငွေ့ရှူရှိုက်မိသူပါ အဆုတ်ကင်ဆာဖြစ်တတ်ပုံကို အထောက်အထားများနှင့်တကွ ကလေးများ၏ရင်ထဲ စွဲမြဲအောင်၊ ကြောက်ရွံ့ထိတ်လန့်အောင် အသိပေးသင့်သည်။ ထိုသို့မှမဟုတ်မူ တင်းကျပ်သော စည်းကမ်းများနှင့် ထိန်းသိမ်းသင့်သည်။

ကျောင်းပြင်ပ ကိုက်တစ်ရာအတွင်း စည်းကမ်းသတ်မှတ်ချက်မှာ ကျောင်းအုပ်ချုပ်သူတစ်ဦးတည်းနှင့်မရနိုင်ပါ။ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်သူများပါပူးပေါင်းကာ နိုးနိုးကြားကြား တက်တက်ကြွကြွဆောင်ရွက်ချိန်ရောက်ပြီဟု ဆိုနိုင်ပါသည်။ မိမိတို့၏ ကျောင်း၊ မိမိတို့၏ ကလေးငယ်များ ကောင်းမွန်အောင်ကြိုးပမ်းရာတွင် ဆက်နွှယ်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုအား လိုအပ်ပါသည်။

"မိဘ၊ ဆရာပူးပေါင်း ကလေးများ ဘက်စုံပညာကောင်း" ဖြစ်လာစေရန် "အတတ်လည်းသင် ပဲ့ပြင်ဆုံးမ"ဟူသည့် ဆရာများ၏ ကျင့်ဝတ်၊ "မကောင်းမြစ်တာ ကောင်းရာညွှန်လတ်. . "ဟူသည့် မိဘများ၏ ဝတ္တရား တစ်နည်းဆိုသော် မိဘ ဆရာလက်တွဲမပျက် တာဝန်ကျေဖို့ လိုပါမည်။ အခြေခံပညာကျောင်းများအဆင့်နှင့်ပတ်သက်၍ အထက်အဆင့်မှ အမိန့်ထုတ်ဆင့်ဖို့လိုမည်မထင်၊ သက်ဆိုင်ရာအဖွဲ့အစည်း၊ သက်ဆိုင်ရာကျောင်းနှင့် ပတ်သက်ရာမိဘများက အလေးအနက်ထားသင့်သည်။

မိမိတို့၏တပည့်၊ သားသမီးများ၏ နောင်ရေးမို့ ကျောင်းနှင့်ဝန်းကျင် ကိုက်တစ်ရာအကွာတွင် ကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်ရည်နှင့် ဂိမ်းဆိုင်များအား ဖွင့်လှစ်ရောင်းချခြင်းမရှိကြစေရန် ကြိုးပမ်းဆောင်ရွက်မှုသည် ကျောင်းသားမိဘနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ အားထုတ်ရမည့် အလုပ်ဟု ထင်မြင်ပါသည်။

အကြောင်းမူ မိမိတို့သားသမီးများ၏ဘဝတစ်သက်တာ အနာဂတ်လုပရေးနှင့် တိုက်ရိုက်ပတ်သက် သက်ဆိုင်နေ၍ ဖြစ်ပါသည်။ ကလေးများ၏ နောင်ရေး"ပုခက်လွှဲသောလက် ပန်းပျိုးလက်များ"လက်တွဲညီလျက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ တိုက်တွန်းအပ်ပါသည်။ ။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၅၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၅၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စေတီတော်မြတ်ကြီးလိုဏ်ဂူတော်အတွင်း အရှေ့ဘက်ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ ပျဉ်းမနားမြို့ မာရ်အောင်ကျောင်းတိုက် ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များကဦးဆောင်၍ ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သံပြိုင် သုံးကြိမ် ရွတ်ဆိုပူဇော်ကြပြီး ပဋ္ဌာန်းဖွင့်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၆ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## မြင်းမွေးမြူရေးဌာန(ဟဲဟိုး)အား စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့နယ်ရှိ မြင်းမွေးမြူရေးဌာန(ဟဲဟိုး)အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မွေ့ဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် အိမ်နီးချင်းနိုင်ငံများတွင် မြင်းများမွေးမြူထားရှိမှု၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်သည့် အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြင်းများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပင်းတယမြို့ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူ့ဆေးရုံ(ပင်းတယ)ရှိ ဒေသခံတိုင်းရင်းသားများအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ရာ စက်မှုညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က ဆေးဝါးများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေတိဂုံစေတီတော်မြတ်ကြီးအား အလှူရှင်များက ရွှေပြားသင်္ကန်းတော်များကို ရထားပုံဖြင့် ကိုယ်တိုင်ကပ်လှူ

**ရန်ကုန် နိုဝင်ဘာ ၂**

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးလုပ်ငန်းက ရွှေပြားသင်္ကန်းတော်များ လှူဒါန်းထားသော အလှူရှင်များအား ရထားပုံဖြင့် ကိုယ်တိုင်ကိုယ်ကျစတင်ကပ်လှူခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ရွှေတိဂုံစေတီရင်ပြင်တော်ရှိ ရခိုင်တန်ဆောင်း၌ ကျင်းပသည်။

ယင်းသို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြားသင်္ကန်းတော် စတင်ကပ်လှူခြင်းနှင့်စပ်လျဉ်း၍ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးကျင်အောင်က "သက်တော်ထင်ရှား မြတ်ဘုရားအား သင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပူဇော်ရာမှာ ဇမ္ဗူလသူဌေး လောင်းလျာဖြစ်သူက ကဿပဘုရားရှင်ရဲ့ ဓာတုစေတီတော်ကို ရွှေစင်ရွှေသား သင်္ကန်းတော်တွေ ကပ်လှူတာကို နည်းယူပြီး ရှေးယခင်က ဘုရင်အဆက်ဆက်ကလည်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေသင်္ကန်းတော်တွေ ဆက်ကပ်လှူဒါန်းခဲ့တယ်။ သက္ကရာဇ် ၈၄၁ မှာ မွန်ဘုရင်မကြီး ရှင်စောပုက ကိုယ်အလေးချိန်နဲ့ညီမျှတဲ့ ရွှေစင် ၂၅ ပိဿာ၊ သက္ကရာဇ် ၁၁၃၀ မှာလည်း ဆင်ဖြူရှင်မင်းက ရွှေစင် ၄၇ ပိဿာ ၃၅ ကျပ်သားတို့ လှူဒါန်းခဲ့ကြတယ်လို့ သမိုင်းအထောက်အထားတွေ ရှိခဲ့တယ်။ အဲဒီလိုပဲ သာယာဝတီမင်းနဲ့ မင်းတုန်းမင်းတို့ကလည်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေသင်္ကန်းတော်တွေ ကပ်လှူပူဇော်ခဲ့ကြတယ်"ဟု ပြောသည်။

ယနေ့ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတွင် တစ်ပေပတ်လည် ရွှေပြားပေါင်း ၆၀၀၀ ကျော် အပါအဝင် အရွယ်စုံရွှေပြားပေါင်း ၁၀၀၀၀ ကျော် ရွှေစင် ပိဿာ ၁၀၀ ကျော်ကို ဆက်ကပ်လှူဒါန်းထားသော အလှူရှင်များ အနက် နေ့စဉ် အလှူရှင် ၁၀၀ ကို ယနေ့မှစ၍ ဖိတ်ကြားကာ အလှူရှင်များက ရွှေစင်ရွှေပြားများကို ရထားပုံဖြင့် ကပ်လှူပူဇော်ပြီး အလှူရှင် အမျိုးသားများကိုယ်တိုင် အထက်ပစ္စယံသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ရီရီမြင့်)**



## ခရီးသည်တင်ယာဉ်များ လက်ယာဘက်ကပ်မောင်းနှင်မှုရှိရေး ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂**

လမ်းမတော်နှင့် လသာမြို့နယ်အတွင်း အနော်ရထာလမ်းမပေါ်ရှိ လသာ၊ (၁၅) လမ်း၊ စံပြမှတ်တိုင်များတွင် အဖွဲ့အစည်းပေါင်းစုံဖြင့် ခရီးသည်တင်ယာဉ်များ လက်ယာဘက်ကပ်မောင်းနှင်နိုင်ရေးအတွက် အရေးယူဆောင်ရွက်ခြင်းများမြင်တွေ့ရသည်ဟု လမ်းမတော်မြို့နယ်တွင် လမ်းဘေးဈာနယ်ရောင်းချသူတစ်ဦးက ဆိုသည်။

လက်ယာဘက်ခရီးသည်တင်ယာဉ်လိုင်း ယာဉ်ကြော မျဉ်းဝါတန်းအကြား ခရီးသည်တင်ယာဉ်များ လမ်းကြောင်းအမှန် မောင်းနှင်ရေး၊ ယင်းယာဉ်ကြောတွင် အခြားယာဉ်များ မောင်းနှင်မှုမရှိရေးတို့အတွက် ကြီးကြပ်လုပ်ဆောင်နေသည်ကို နိုဝင်ဘာ ၂ ရက် နံနက် ၁၁ နာရီခန့်တွင် အနော်ရထာလမ်းပေါ်ရှိ အဆိုပါမှတ်တိုင်တွင်မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။

ယင်းသို့ အရေးယူဆောင်ရွက်မှုများရှိလာ၍ ခရီးသည်တင်ယာဉ်ကြောများ ရှင်းလင်းလာသည်ကို မြင်တွေ့ရကြောင်း၊ ကြီးကြပ်စစ်ဆေးမှုမရှိသေးသော်လည်း ခရီးသည်တင်ယာဉ်များ ယာဉ်ကြောအမှန်မောင်းနှင်လာမှုရှိသည်ကို မြင်တွေ့နေရကြောင်း လသာမြို့နယ် (၃) ရပ်ကွက်တွင် နေထိုင်သူ ပွဲရုံလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**











နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်း ဝတ်မှုန်ကူးပွဲတော်အား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❖ **ရွှေဖုံးမှ**

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ တိုးတက်စိုက်ပျိုးဆောင်ရွက်နေမှု၊ ဂရိတ်ဝေါကုမ္ပဏီ၊ နယူးဧရာကုမ္ပဏီနှင့် မြတ်အိန္ဒြေကုမ္ပဏီတို့မှ တာဝန်ရှိသူများက ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက စက်မှုလယ်ယာစနစ်ကူးပြောင်းရေးအတွက် သမဝါယမ၏အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဆန်အရည်အသွေးကောင်းမွန်ရန် ခေတ်မီဆန်စက်ကြီးများထူထောင်ရေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တောင်သူလယ်သမားများဘဝ တိုးတက်ရန်အတွက် မြေပုံစံပြောင်းလဲခြင်း၊ စိုက်နည်းစနစ်မှန်ကန်ခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိခြင်း၊ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲခြင်းနှင့် တိုးတက်ကြီးပွားလိုသည့် စိတ်ဆန္ဒရှိခြင်းတို့ လိုအပ်ပါကြောင်း၊ ထို့ပြင် ဝင်ငွေတိုးတက်ရရှိစေရန်အတွက် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ဘိုးဘွားအမွေအနှစ် ရွှေဖြစ်သည့်လယ်ယာမြေများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေပေးနိုင်ရေး ရေရှည်တည်တံ့အောင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး စိုက်ပျိုးရေးပညာရှင်များက ပံ့ပိုးကူညီဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် မှာကြားပြီး ဧက ၄၄၀ တောင်သူပညာပေး စံပြစိုက်ကွင်းမှ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဝတ်စုံများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ဝန်ထမ်းများနှင့်ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတက တက်ရောက်လာသည့် တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် မျိုးစေ့နှင့် သစ်သီးဝလံများ၊ မျိုးစေ့ သန့်စင်စက်ဖြင့် စပါးမျိုးစေ့သန့်စင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အလျှင်လိုကျေးရွာမှ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှုတ်ဆက်အားပေးစကားပြောကြားစဉ်။**
(သတင်းစဉ်)

# ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုများ စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြို့တော်၏ ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့နှင့် မီးဖိုချောင်သုံး ရေနံဓာတ်ငွေ့ရည်တို့အတွက် လိုအပ်သော သဘာဝဓာတ်ငွေ့အား အဓိက ထောက်ပံ့ပေးလျက်ရှိသော ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်နေမှုများနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် အောက်တိုဘာ ၃၁ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေး၍ ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်ထုတ်လုပ်လျက်ရှိသော တွင်းသစ်ညောင်တုန်းအမှတ်(၅၂)၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။**(ယာပုံ)**


ထို့နောက် ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း) ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ စက်ရုံအတွင်းလှည့်လည်ကြည့်ရှုသည်။

ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေသည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအနီးတွင်တည်ရှိပြီး သဘာဝဓာတ်ငွေ့တွင်း ၁၉ တွင်းမှ နေ့စဉ် လေဆီ ၂၃၉ စည်နှင့် သဘာဝဓာတ်ငွေ့ ၂၃ ဒသမ ၆၈၂ ကုဗပေသန်းကို ထုတ်လုပ်လျက်ရှိကာ ရန်ကုန်မြို့ရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဆိုင်များ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဓာတ်မြေသြဇာစက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)နှင့် ရန်ကုန်မြို့ရှိ အသေးစားပုဂ္ဂလိက စက်မှုလုပ်ငန်းများသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**







# ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ အစီရင်ခံစာ ကုလသမဂ္ဂ ပညာရှင်များအဖွဲ့ ထုတ်ပြန်


ဂျာမနီနိုင်ငံ ဂယ်လ်ဆန်ကီချန်းမြို့ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံတစ်ရုံမှ ရေနွေးငွေ့နှင့် မီးခိုးများ ထုတ်လွှတ်မှုကို တွေ့ရစဉ်။

ကိုပင်ဟေဗင်    နိုဝင်ဘာ    ၂

**ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂ ကျွမ်းကျင်သူပညာရှင်များက ရေးသားပြုစုပြီးစီးသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။**

ကမ္ဘာ့ရာသီဥတုစနစ် ပြောင်းလဲရခြင်းသည် လူ့ ပယောဂကြောင့် ဖြစ်ရသည်ဆိုသောအချက်နှင့် ပတ်သက် ၍ ယင်းအစီရင်ခံစာတွင် နိဂုံးချုပ် သုံးသပ်ဖော်ပြထားကြောင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အေဂျင်စီက ပြောကြားသည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့်ပတ်သက်၍ ယခင်က ထုတ်ပြန်ခဲ့သောအစီရင်ခံစာသုံးစောင်ပါ လေ့လာတွေ့ရှိချက်များကို ယခုအစီရင်ခံစာသစ်တွင် စုစည်းဖော်ပြထားကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ကုလသမဂ္ဂ ကျွမ်းကျင်ပညာရှင်များသည် အဆိုပါအစီရင်ခံစာကို မထုတ်ပြန်မီ နိုဝင်ဘာ ၁ရက် နံနက် ၅ နာရီအထိတိုင်အောင် ညလုံးပေါက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြရသည်။

ကုလသမဂ္ဂ ကျွမ်းကျင်သူပညာရှင်များအဖွဲ့တွင် သိပ္ပံပညာရှင်များနှင့် အစိုးရ ကိုယ်စားလှယ်များ ပါဝင်ကြပြီး အစီရင်ခံစာကို ပူးတွဲအတည်ပြုခဲ့ကြသည်။ ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများ၏ အကျိုးရလဒ်များ မည်သို့မည်ပုံ ဖြစ်ပေါ်မည်ဆိုသည်ကို အသေးစိတ် ရေးသားဖော်ပြထားသည်။ အာတိတ်ပင်လယ်ရေခဲပြင်လျှော့ အရည်ပျော်ဝင်လာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ ကမ္ဘာတစ်ဝန်းတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု အခြေအနေ စသည့် အကြောင်းအရာများကို သုံးသပ်ချက်များနှင့်အတူ ဖော်ပြသည်။

ဖန်လုံအိမ်ဓာတ်ငွေ့သည် လေထုတွင်းမှ ဓာတ်ငွေ့များဖြစ်ပြီး အပူစွမ်းအင်ကို သယ်ဆောင်နိုင်စွမ်းရှိသည်။ အနီအောက်ရောင်ခြည်ကို ထုတ်လွှတ်နိုင်သည့် ဓာတ်ငွေ့များဖြစ်သည်။ ကမ္ဘာ့လေထုအတွင်း ဖွဲ့စည်းထားသည့် ဖန်လုံအိမ်ဓာတ်ငွေ့များတွင် ရေငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်အောက်ဆိုက်နှင့် အိုဇုန်းတို့ပါဝင်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့အပူအချိန်အပေါ် သက်ရောက်မှု ကြီးကြီးမားမား ရှိသည်။

၁၇၅၀ပြည့်လွန်နှစ်များက စက်မှုတော်လှန်ရေး စတင်ခဲ့ချိန်မှစ၍လေထုအတွင်းဖန်လုံအိမ်ဓာတ်ငွေ့ပါဝင်နှုန်း မြင့်တက်လာသည်။သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ၂၀ရာစု ခေတ်လယ်ပိုင်းမှစ၍ ကမ္ဘာကြီး ပူနွေးလာခြင်းသည်လေထုတွင်းဖန်လုံအိမ်ဓာတ်ငွေ့ သိပ်သည်းမှုနှင့် တိုက်ရိုက်ဆက်နွယ်ကြောင်းသိရသည်။

**ရိုက်တာ။**

# ဆိုမာလီပင်လယ်ဓားပြများက လေးနှစ်ကြာ ဖမ်းဆီးထားသည့် အိန္ဒိယနိုင်ငံသား သင်္ဘောသားများအား ပြန်လည်လွှတ်ပေး

မိုဂါဒစ်ရှူး    နိုဝင်ဘာ    ၂

**ဆိုမာလီပင်လယ်ဓားပြများက ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလက ပြန်ပေးဆွဲခဲ့သည့် သင်္ဘောတစ်စင်းမှ သင်္ဘောသား ခုနစ်ဦးကို အောက်တိုဘာ ၃၁ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်း ဆိုမာလီအုပ်ချုပ်ရေးမှူးက နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။**

ယင်းသင်္ဘောသားခုနစ်ဦးမှာ အိန္ဒိယနိုင်ငံသားများ ဖြစ်ကြသည်။ ပြန်ပေးဆွဲခံရသော ပနားမားမှတ်ပုံတင် အမ်ဗွီအက်စ်ဖော့အမည်ရှိ သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၁၅ ဦး လိုက်ပါခဲ့ပြီး ရှစ်ဦးကို ၂၀၁၁ ခုနှစ် ဧပြီလတွင် ပြန်လည်လွှတ်ပေးခဲ့သည်။ သို့ရာတွင် ပင်လယ်ဓားပြများက ၎င်းတို့တောင်းဆိုထားသော ပြန်ပေးရွေးငွေကို အပြည့်အဝ လက်ခံရရှိခြင်းမရှိသည့်အတွက် ကျန်သင်္ဘောသားခုနစ်ဦးကို အမည်မဖော်သောဒေသတွင် ဆက်လက်ထိန်းသိမ်းထားခဲ့သည်။


ပြန်လည်လွှတ်မြောက်လာခြင်းမရှိမီ အိန္ဒိယသင်္ဘောသားများကို ပင်လယ်ဓားပြများနှင့်အတူ တွေ့ရစဉ်။

အိန္ဒိယသင်္ဘောသား ခုနစ်ဦးတွင် ရေယာဉ်မှူးပါဝင်ပြီး ၎င်းတို့ကို ဟာရာဒါးမြို့အနီး ဒေသတစ်ခု၌ လေးနှစ်ကြာမျှ ထိန်းသိမ်းထားခဲ့သည်။ ၎င်းတို့သည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကျပ်အတည်းများကို ခံစားခဲ့ရကြောင်း၊ သို့သော် နောက်ဆုံး၌ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း၊ ၎င်းတို့ ပြန်လည်လွတ်မြောက်လာခြင်းအတွက် ဆိုမာလီအစိုးရနှင့် ပြည်ပမှ လှုပ်ရှားဆောင်ရွက်သူများအား ကျေးဇူးတင်ကြောင်း ဆိုမာလီအုပ်ချုပ်ရေးမှူး ဟူစိန်အလီက ပြောကြားသည်။

အဆိုပါသင်္ဘောသားများ လွတ်မြောက်ရေးအတွက် ပြန်ပေးရွေးငွေ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ၎င်းအနေဖြင့် အတည်မပြုနိုင်ကြောင်း ဆက်လက်ပြောကြားသည်။

ပြန်လည်လွတ်မြောက်လာသော အိန္ဒိယသင်္ဘောသားများသည် ဟာရာဒါးမြို့မှ ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးသို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ပေးခဲ့ပြီး ၎င်းမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ပြန်ကြမည်ဟု သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**

# အီဘိုလာဖြစ်ပွားလျက်ရှိသော နိုင်ငံများကို ကနေဒါပြည်ဝင်ခွင့်ပိတ်ပင်

**အော်တဝါ    နိုဝင်ဘာ    ၂**

အနောက်အာဖရိက၊ အီဘိုလာရောဂါ ဖြစ်ပွားနေသောနိုင်ငံများမှ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများနှင့် ယင်းနိုင်ငံဌာနေများက ပြည်ဝင်ခွင့် လျှောက်ထားခြင်းများကို ပိတ်ပင်ထားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံက မကြာသေးမီက ကြေညာသည်။


ဩစတြေးလျနိုင်ငံက အလားတူ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ကနေဒါက ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ၎င်းဆုံးဖြတ်ချက်များကို ဝေဖန်ခဲ့သည်။

လိုင်ဘေးရီးယား၊ ဆီရာလီယွန်နှင့် ဂီနီနိုင်ငံတို့တွင် အီဘိုလာရောဂါဖြစ်ပွားလျက်ရှိပြီး သေဆုံးသူဦးရေ ၅၀၀၀ နီးပါးရှိပြီဖြစ်သည်။

ရောဂါဖြစ်ပွားလျက်ရှိသည့် နိုင်ငံများသို့ သွားရောက်ကြသည့် ကနေဒါနိုင်ငံသား ကျန်းမာရေးအလုပ်သမားများနှင့် ဝေဒနာရှင် အကူအညီပေးသူများ ကနေဒါနိုင်ငံသို့ ပြန်လာကြခြင်းသည် ဤတားမြစ်မှုတွင် အကျုံးမဝင်ဟု ဆိုသည်။

ဤသို့သောနည်းလမ်းဖြင့် အီဘိုလာရောဂါ ဟန့်တားခြင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆန့်ကျင်သည်။

**ဘီဘီစီ။**



# အာကာသခရီးသွားယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်

လန်ဒန်    နိုဝင်ဘာ    ၂

**အာကာသလေ့လာရေးခရီးစဉ်များ ပျံသန်းရန် ရည်မှန်းထားသော ဒုံးပျံယာဉ်ဖြစ်သည့် ဗာဂျင်အာကာသခရီးသွားယာဉ် ပျက်ကျမှုနှင့်ပတ်သက်၍ အမေရိကန် စုံစမ်းစစ်ဆေးရေးမှူးများက စတင်စစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါယာဉ်သည် အောက်တိုဘာ ၃၁ရက်က စမ်းသပ်ပျံသန်းစဉ်အတွင်း ကာလီဖိုးနီးယားပြည်နယ် မိုဟာဗီသဲကန္တာရဝေဟင်အတွင်း ပေါက်ကွဲပျက်ကျခဲ့သည်။**

အာကာသယာဉ်အမှတ်-၂ အမည်ရှိ အာကာသခရီးသွားယာဉ်၏ ပူးတွဲလေယာဉ်မှူး မိုက်ကယ်အယ်စဘူရီ(၃၉ နှစ်)မှာ သေဆုံးခဲ့ရပြီး ကျန်လေယာဉ်မှူးမှာ မပေါက်ကွဲမီ လေထီးဖြင့်ခုန်ဆင်းနိုင်ခဲ့သည်။ ဗာဂျင်ဂလက်တစ်အမည်ရှိဗြိတိသျှကုမ္ပဏီက အာကာသအတွင်း စူးစမ်းလေ့လာ လိုသူများအတွက် ကမ္ဘာမြေပြင် အထက် မိုင် ၆၀ အကွာ အာကာသအတွင်းသို့ ပို့ဆောင်ပေးနိုင်ရန် အာကာသခရီးသွားယာဉ်ကို စမ်းသပ်ပြင်ဆင်လျက်ရှိစဉ်တွင် ယာဉ်ပျက်ကျမှု ပေါ်ပေါက်ခဲ့သည်။

ဝမ်းနည်းဖွယ်ရာဖြစ်စဉ်မှ သင်ခန်းစာများ ရယူနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဗာဂျင်ဂလက်တစ် ကုမ္ပဏီပိုင်ရှင် သူဌေးကြီး ရစ်ချတ်ဘရန်ဆန်က ပြောကြားသည်။

**ရိုက်တာ။**


ဇမ်ဘီယာသမ္မတ၏ ရုပ်အလောင်း လူဆာကာမြို့ရှိ နိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာစဉ်။

# သမ္မတမိုက်ကယ်ဆာတာ၏ ရုပ်အလောင်းကို ဇမ်ဘီယာနိုင်ငံသို့ လွှဲပေး

လန်ဒန်    နိုဝင်ဘာ    ၂

**လွန်ခဲ့သည့် ရက်သတ္တပတ်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကွယ်လွန်ခဲ့သော ဇမ်ဘီယာသမ္မတမိုက်ကယ်ဆာတာ၏ ရုပ်အလောင်းကို ၎င်း၏ နိုင်ငံသို့ နိုဝင်ဘာ ၂ ရက်တွင် လွှဲပြောင်းပေးအပ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။**

ဇမ်ဘီယာသမ္မတ မိုက်ကယ်ဆာတာ ကွယ်လွန်သွားပြီးနောက် ဒုတိယသမ္မတဂေးစကော့သည် နှစ် ၂၀ ကာလအတွင်း ယင်းနိုင်ငံ၏ ပထမဆုံးလူဖြူသမ္မတဖြစ်လာသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ သမ္မတရွေးကောက်ပွဲကို ရက်ပေါင်း ၉၀ အတွင်း ကျင်းပမည် ဖြစ်သည်။ ကြားကာလတွင် အခြေခံဥပဒေအရ ယာယီသမ္မတအဖြစ် ဂေးစကော့က တာဝန်ထမ်းဆောင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ကြီးကြပ်သွားမည်ဖြစ်သည်။

ဂေးစကော့၏ မိဘများသည် စကော့တလန်မှဖြစ်သဖြင့် ၎င်းမှာ သမ္မတရွေးကောက်ပွဲ ဝင်နိုင်မည်မဟုတ်သော်လည်း ပြီးခဲ့သည့် သီတင်းပတ်ကဇမ်ဘီယာအစိုးရကလွှတ်တော်သို့ တင်သွင်းထားသော အခြေခံဥပဒေမူကြမ်းအသစ်တွင် သမ္မတလောင်း၏ မိဘများသည် ဇမ်ဘီယာနိုင်ငံ၌ မွေးဖွားသူဖြစ်ရမည်ဆိုသော ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ထားသည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

**✻ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကညွတ်ကွင်းမြို့သည် ယခင်ကနှင့်မတူဘဲ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ၌ များစွာဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အလျောက် ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဆင်းရဲမှုလျော့ကျပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်လိုအပ်ပါကြောင်း၊ ထိုသို့ရရှိရန် ထိုက်သင့်သည့် အတတ်ပညာများတတ်မြောက်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍မိမိတို့၏ သားသမီးများအား ပညာတတ်များဖြစ်အောင် ငယ်စဉ်ကပင် ပြုစုပျိုးထောင်ကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကညွတ်ကွင်းမြို့ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်၍ ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများ လိုအပ်မှုအခြေအနေများကို မေးမြန်းမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကညွတ်ကွင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရတနာခန်းမ၌ကျင်းပသည့် (၂၉)ကြိမ်မြောက်အာစရိယပူဇော်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အငြိမ်းစားဆရာကြီးများဖြစ်ကြသည့် ဦးထွန်းရှိန်၊ ဦးမြင့်လွင်၊ ဦးသိန်းဌေးနှင့် ဦးလှမောင်လေးတို့အား လက်ဆောင်ပစ္စည်းများပေးအပ်၍ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကန်တော့သည်။

အခမ်းအနား၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိဘဝနှင့် မိမိပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာသည်သာ အောင်မြင်မှု၏ ထွက်လမ်းဖြစ်၍ အသိပညာနှင့် အတတ်ပညာများကို မဖြစ်မနေတတ်မြောက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိတ်၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တက်ရောက်လာကြသည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူပေါင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းသား ကျောင်းသူပေါင်းများအားတွေ့ဆုံ၍ ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဖြူးမြို့ သပြေတန်းကျောင်းတိုက်သို့ရောက်ရှိပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖြူးမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လျှောက်ထားရာ ဆရာတော်က သြဝါဒစကားမြွက်ကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူးမြို့ မြို့မအနောက်ရပ်ကွက်ရှိ ဖြူးမြို့နယ် ခန်းမတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး မြို့နယ်ခန်းမပုံစံနှင့် တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်ခန်းမသတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးအတွက် တာဝန်ရှိသူများညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။ **(သတင်းစဉ်)**





# ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများဆောင်ရွက်

**စစ်တွေ နိုဝင်ဘာ ၂**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဦးခင်ရီတို့သည် နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲတွင် ဦးဥတ္တမခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ ၄၀၀ ခန့်နှင့် တွေ့ဆုံခဲ့သည်။ ပြည်ထောင်စုဝန်ကြီးများမှ လက်ရှိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်တာဝန်ခံများ အနက်မှ ပြည်နယ်ကျန်းမာရေး၊ ပညာရေး၊ တက္ကသိုလ်တက်ရောက်သင်ကြားမှုအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးရေး၊ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှု၊ ရေလမ်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဆရိုးကျချောင်းတူးဖော်မှုအခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းများအခြေအနေနှင့် အလုပ်လက်မဲ့အခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ မူလတန်းဆရာဆရာမများ မွေးထုတ်ရေး၊ သူနာပြုသားဖွားဆရာမများမွေးထုတ်ရေး၊ ပြည်နယ်လမ်းတံတားများ တည်ဆောက်မှုအခြေအနေ၊ တန်းဖိုးနည်းအိမ်ရာများ တည်ဆောက်မည့်အလားအလာများ ပြည်နယ်လျှပ်စစ်ဖြန့်ဖြူးရေး ရပ်မိရပ်ဖများနှင့် မြို့မိမြို့ဖများအား ရှင်းလင်းတင်ပြစေခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် စစ်တွေ-ပုဏ္ဏားကျွန်း - ကျောက်တော်လမ်းမကြီးအခြေအနေ၊ တည်ဆောက်ပြီးစီးလုဖြစ်သော ရှောက်ချောင်းတမံမှ ကျောက်တော်မြို့ ရေပေးဝေရေးတို့ကို စစ်ဆေးကြည့်ရှုသည်။ ညနေပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ လျှပ်စစ်ဓာတ်အားပေးခွဲရုံသို့ ရောက်ရှိပြီး လာမည့်ဒီဇင်ဘာလတွင် ပုဏ္ဏားကျွန်းမြို့၊ စစ်တွေမြို့၊ မြို့ဟောင်းမြို့၊ ကျောက်တော်မြို့များသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးရန် ဆောင်ရွက်နေမှု၏ နောက်ဆုံးအခြေအနေများအား စစ်ဆေးခဲ့သည်။ ထို့အပြင် ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်နေမှုအဆင့်ဆင့်အပေါ် လမ်းညွှန်ပေးခဲ့သည်။ ပုဏ္ဏားကျွန်းမြို့ ရေပေးဝေရေးအစီအမံအပေါ် ယခုနှစ်အတွင်း ပြီးစီးနိုင်သမျှ ကြိုးပမ်းရန်နှင့် လာမည့်မိုးကာလတွင် ရေသိုလှောင်နိုင်ရေး လမ်းညွှန်ခဲ့သည်။ ညပိုင်းတွင် ဝေသာလီအားကစားကွင်းအတွင်း ရခိုင်ပြည်နယ်အစိုးရ နပန်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအကြို လေ့ကျင့်မှုတွင် ကျောင်းသား ကျောင်းသူ ၂၀၀၀ ခန့် ပါဝင်လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)** ❐

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် လှေလှော်ပြိုင်ပွဲအစမ်းလေ့ကျင့်

**ပုသိမ် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် လှေလှော်ပြိုင်ပွဲ အစမ်းလေ့ကျင့်မှုများကို နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီတွင် ပုသိမ်မြို့ ကန်သာယာ ရေပေါ်ဂေါက်ကွင်း၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုမှ ပြိုင်ပွဲဝင်လှေလှော်ကစားသမားများက အားကစားအမိဋ္ဌာန်ရွတ်ဆိုခြင်း၊ ပြိုင်ပွဲဝင်ရန် အစမ်းလေ့ကျင့်ခြင်းများနှင့် ဖျော်ဖြေရေးစင်မြင့်၌ လှေလှော်အကများ၊ ပုသိမ်ထီးအကများဖြင့် ဖျော်ဖြေမှုအစီအစဉ်များကို အစမ်းလေ့ကျင့်ခဲ့ကြသည်။

မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကန်သာယာရေပေါ် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**


လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူအချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၁၂ ဒီဂရီစင်တီဂရိတ်၊ ပြင်ဦးလွင်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၁၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ** - လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်** - မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။






# အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစ

အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံ အကြား ကဏ္ဍအလိုက် ဆက်သွယ်မှုသည် ၁၉၈၉ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှစ၍ ကိုရီးယား သမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ၏ ဆွေးနွေးဖက်နိုင်ငံ ဖြစ်လာခဲ့သည်။ အာဆီယံဒေသတွင်း ဖိုရမ်(ARF)၊ အာဆီယံ+သုံး(တရုတ်၊ ဂျပန်၊ ကိုရီးယား) အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့်ဝန်ကြီးအဆင့်ဆွေးနွေးပွဲများတွင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

### အာဆီယံနှင့်ကိုရီးယား စီးပွားဆက်ဆံရေး

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ကိုရီးယားသမ္မတနိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့်(၉)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၌ အာဆီယံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အာဆီယံ-ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုဒေသကို ဖော်ဆောင်ခဲ့ပါသည်။

ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူဘောင်သဘောတူစာချုပ်၏ ကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ်ကို မလေးရှားနိုင်ငံ၌ ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၌ ထိုင်းနိုင်ငံမှအပ အာဆီယံ(၉)နိုင်ငံနှင့် ကိုရီးယားစီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထိုင်းနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် အာဆီယံ-ကိုရီးယား ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူစာချုပ်ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် စင်ကာပူနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ် ဇွန် ၂ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံ-ကိုရီးယား အကြိမ်(၂၀)မြောက်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

**ကိုရီးယားသမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများသို့ အများဆုံးတင်ပို့သော ပို့ကုန်ပစ္စည်းများမှာ နည်းပညာဆိုင်ရာ ပစ္စည်းများ၊ စတီးပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းများဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံသို့ အာဆီယံနိုင်ငံများမှ တင်သွင်းသော သွင်းကုန်များမှာ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် ရေနံထွက်ပစ္စည်းများဖြစ်ပါသည်။**

ဟေမာန်ခိုင်ဝင်း

အာဆီယံနှင့်ကိုရီးယားသမ္မတနိုင်ငံအကြားကုန်သွယ်မှုပမာဏသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၁ ဘီလီယံမှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၅ ဘီလီယံအထိမြင့်တက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အာဆီယံနိုင်ငံများသို့ ကိုရီးယားသမ္မတနိုင်ငံမှ တင်သွင်းသည့် သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၂ ဘီလီယံရှိပြီး အာဆီယံနိုင်ငံများမှ ကိုရီးယားသမ္မတနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈ ဘီလီယံရှိပါသည်။ အာဆီယံနိုင်ငံများတွင် ကိုရီးယားသမ္မတနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံမှ ၂၀၁၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအထိ နှစ်ဆမြင့်တက်ခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ၏ ပဉ္စမမြောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံ ဖြစ်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံသည် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံတို့နှင့် အများဆုံးကုန်သွယ်လျက်ရှိပါသည်။ ကိုရီးယားသမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများသို့ အများဆုံးတင်ပို့သော ပို့ကုန်ပစ္စည်းများမှာ နည်းပညာဆိုင်ရာပစ္စည်းများ၊ စတီးပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းများဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံသို့အာဆီယံနိုင်ငံများမှ တင်သွင်းသော သွင်းကုန်များမှာ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် ရေနံထွက်ပစ္စည်းများဖြစ်ပါသည်။

အာဆီယံနှင့်ကိုရီးယားသမ္မတနိုင်ငံအကြား ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းဆိုင်ရာဝန်ဆောင်မှု၊ ကွန်ပျူတာနှင့်ဆက်စပ်သောဝန်ဆောင်မှု၊ သတင်းအချက်အလက်ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ပညာရေးဝန်ဆောင်မှု၊ သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ ခရီးသွားလာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံချက်များ

အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံချက်များအတွက် အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့သို့ ကိုရီးယားသမ္မတနိုင်ငံအစိုးရမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ၅ သန်း ထည့်ဝင်လျက်ရှိပြီး ၂၀၁၂ ခုနှစ်ကုန်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၇ သန်းထည့်ဝင်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာဖလှယ်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပြည်သူများအကြား အသိပညာနှင့် ယဉ်ကျေးမှု ဖလှယ်ရေးအစရှိသော စီမံချက်များနှင့် လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

### အာဆီယံ-ကိုရီးယား အနာဂတ်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနှင့် ရည်မှန်းချက်

အာဆီယံ-ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုဒေသ၏ ရည်မှန်းချက်များဖြစ်သော ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး၊ ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကုန်သွယ်ရေး မြှင့်တင်မှုနှင့်ဖြေလျှော့မှုများ၊ ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူချောမွေ့သော ရင်းနှီးမြှုပ်နှံမှု ဖော်ဆောင်မှုများမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ထို့ပြင် အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဒေသနှစ်ခုအကြားတွင် ကုန်သွယ်မှုပမာဏကို ၁၅၀ ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်းထားပါသည်။ ။

# ရန်ကုန်မြို့ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဖောက်ဖျက်မှုမြင့်ကွင်း



အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်၌ ယာဉ်များ သွားလာနေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)



အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ စက်ရုံလမ်းနှင့် ဗညားဒလလမ်း မင်္ဂလာဈေးလမ်းဆုံ၌ မော်တော်ယာဉ်များ ပိတ်ဆို့နေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)



အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်၌ ယာဉ်များပိတ်ဆို့နေသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ပြည်တွင်းရေးရာ

❖ မြန်မာ့ဆန်စပါးမှ

**ဦးလှမြင့် (ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး)**

ဒီလို လူအားနဲ့ ဝတ်မှုန်ကူးပေးနိုင်တဲ့အတွက် အဖိုလိုင်းက ဝတ်မှုန်တွေဟာ အမလိုင်းပေါ်ကို ပိုမိုကျရောက်လာမှာဖြစ်ပြီး အမလိုင်းရဲ့ မျိုးစေ့ထုတ်လုပ်မှု စွမ်းရည်က ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအနေနဲ့ အခုလို ဝတ်မှုန်ကူးစပ်မျိုးစပါးစေ့ ထုတ်လုပ်မှုအတွေ့အကြုံ သုံးနှစ်ရှိပါပြီ။ တစ်နှစ်ထက် တစ်နှစ် တစ်ဧက စပါးအထွက်နှုန်းကလည်း တိုးတက်လာနေပါတယ်။

**ဦးစောခရစ္စတိုဖာ (ကရင်ပြည်နယ်)**

အစိုးရသစ်လက်ထက်မှာ နိုင်ငံတော်ရော၊ ဌာနရော တောင်သူတွေနဲ့ လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်ကြတဲ့အတွက် တင်းတစ်ရာအထက် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါပြီ။ အရင်ကထက် စနစ်တကျပိုမို စိုက်ပျိုးလာနိုင်ကြတဲ့အတွက် အခုဆိုရင် စပါးခင်းတွေကို စိမ်းစိမ်းစိုစိုနဲ့ တွေ့မြင်နေရပါတယ်။ ကရင်ပြည်နယ်မှာရှိတဲ့ တောင်သူတွေဆိုရင် သုံးနှစ်ကျော်ကာလကထက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့ပြီး စနစ်တကျစိုက်ပျိုးလာနေကြပါတယ်။ အခုနှစ်ပိုင်းအတွင်းမှာ တောင်သူတွေအနေနဲ့ လက်မှုလယ်ယာစနစ်ထက် ထွန်ယက်စိုက်ပျိုးမှုကနေ ရိတ်သိမ်းချိန်အထိကို စက်တွေသုံးလာနိုင်တာ တွေ့ရပါတယ်။ ဒါတွေက စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုနဲ့ ပုလဲသွယ်စပ်မျိုးစပါးရဲ့ အရည်အသွေးကောင်းမှုတွေကြောင့် ဖြစ်ပါတယ်။

**ဦးရဲမင်းအောင် (မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)**

အသင်းချုပ်အနေနဲ့ အခုလိုဆန်စပါးမျိုးတွေထွက်ရှိလာမှုကို ကြိုဆိုပါတယ်။ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းစဉ်မှာ တောင်သူတွေအတွက် အရေးကြီးတဲ့ သိုလှောင်ကြိတ်ခွဲထုပ်ပိုးမှု လုပ်ငန်းအပိုင်းတွေမှာ ပါဝင်ကူညီဆောင်ရွက်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ အခုလက်ရှိမှာတော့ နေပြည်တော်မှာဆိုရင် အဆင့်မြင့်ဆန်စပါးကြိတ်ခွဲစက်နှင့် သိုလှောင်ရုံတွေကို စတင်တည်ဆောက်နေပါပြီ။ မကြာခင်မှာ ပြီးစီးတော့မှာဖြစ်ပြီး ဆန်စပါးဈေးနှုန်း တည်ငြိမ်ဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။

**ဦးမြတ်သူ (မြတ်အိန္ဒြေကုမ္ပဏီ)**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်နဲ့ နတ်တလင်းမြို့နယ်တွေမှာ ပုလဲသွယ်စပ်မျိုးစပါးတွေကို ထုတ်လုပ်နေပြီး တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ တောင်သူတွေကို ဖြန့်ဖြူးပေးနေပါတယ်။ အလားတူပါပဲ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာပါ ထုတ်လုပ်ဖြန့်ဖြူးပေးဖို့ဆောင်ရွက်နေပါတယ်။

**ဦးခင်မောင်အေး (မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်း)**

တောင်သူလယ်သမားတွေကို လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ဖို့အတွက် ကိုရီးယားနိုင်ငံက လယ်ထွန်စက်တွေကို သက်သာတဲ့ဈေးနှုန်းနဲ့ ဝယ်ယူတင်သွင်းခွင့် ရရှိခဲ့ပါတယ်။ အဲဒီလယ်ထွန်စက်တွေကို တောင်သူလယ်သမားတွေအတွက် သက်သာတဲ့နှုန်းနဲ့ ဖြန့်ဖြူးပေးသွားဖို့ စီစဉ်နေပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့စိုက်ပျိုးစရိတ်ချေးငွေတွေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကိုပါ ပံ့ပိုးပေးသွားဖို့လည်း ရှိပါတယ်။



ဦးမြင့်လှိုင် (ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)



ဦးလှမြင့် (ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး)

**ဦးနိုင်ကြည်ဝင်း (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၁ခုနှစ်ထဲက စတင်ပြီးလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေးအတွက် မျိုးပြောင်းလဲထုတ်ဖို့လိုပါတယ်။ မျိုးပြောင်းလဲထုတ်မှလည်း တောင်သူတွေ အထွက်နှုန်းကောင်းပြီး ဝင်ငွေကောင်းကောင်း ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် စပ်မျိုးစပါးနည်းပညာကို ကျွန်တော်တို့နိုင်ငံရဲ့ တောင်သူတွေ၊ ဝန်ထမ်းတွေ၊ ကုမ္ပဏီတွေ ရရှိနိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်။ အခုလို ထုတ်လုပ်ဖြန့်ဖြူးပေးတာဆိုရင် သုံးနှစ်ကျော်ပါပြီ။ စပ်မျိုးစပါးထုတ်လုပ်မယ်ဆိုရင် အဖိုဝတ်မှုန်၊ အမဝတ်မှုန်နဲ့ အဖိုပင်နဲ့အမပင်လိုအပ်ပါတယ်။ စပ်မျိုးစပါးအမပင်မှာဆိုရင် အဖိုမြုံပါတယ်။ သာမန်အားဖြင့်ဆိုရင်တော့ မအောင်ပါဘူး။ ဒါကြောင့် အမပင်ပေါ်ကို အဖိုဝတ်မှုန်ကူးပေးဖို့လိုအပ်တဲ့အတွက် ဒီနေ့လို လူအင်အားနဲ့ ဝတ်မှုန်ကူးပေးခြင်းဖြစ်ပါတယ်။

ဝတ်မှုန်ကူးမယ်ဆိုရင် အဖိုပင်ရဲ့ ဝတ်မှုန်ပေါက်ကွဲချိန် မနက် ၉ နာရီကနေ စတင်ပြီး တစ်ကြိမ်ကို နာရီဝက်ခြားကာ ငါးကြိမ်ခန့် လုပ်နိုင်ပါတယ်။ တစ်ရာသီကို (၁၄)ကြိမ်ခန့် လုပ်ဆောင်ပေးနိုင်ပါတယ်။ ဝတ်မှုန်ကူးစနစ်မှန်ကန်မယ် ဆိုရင်တော့ အောင်မြင်တဲ့ အက်ဖ်(စ်)ဝမ်းမျိုးစေ့တွေရရှိမှာဖြစ်ပါတယ်။ အခုနှစ်မိုးရာသီမှာ မျိုးစေ့ထုတ်လုပ်ငန်းကို တစ်နိုင်ငံလုံးမှာ ဧက ၈၀၀ ကျော် ဆောင်ရွက်ထားပါတယ်။ ဝတ်မှုန်ကူးပွဲတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ အခုဆိုရင်တစ်ပြိုင်တည်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းတွေကို တောင်သူတွေ၊ ပုဂ္ဂလိကနဲ့ပူးပေါင်းပြီးလုပ်ဆောင်နေပါတယ်။ မျိုးစေ့ထုတ်လုပ်ငန်းက တစ်ဧကကို ၁၅ သိန်းကုန်ကျမှာဖြစ်ပြီး တစ်ဧကတင်း ၅၀ ထွက်ရှိပါက ဝင်ငွေသိန်း ၃၀ ရရှိမှာဖြစ်တဲ့အတွက် အကျိုးအမြတ် ၁၅ သိန်းကျန်မှာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးရင်လည်း တစ်ဧကကို တင်း ၂၀၀ ကျော်အထက် ထွက်ရှိမှာဖြစ်တဲ့အတွက် စိုက်ပျိုးသူတောင်သူတွေလည်း အကျိုးရှိပါတယ်။ဒါကြောင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းတွေကို တစ်နိုင်ငံလုံးမှာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့ရှိပါတယ်။

**ဦးမြင့်လှိုင် (ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

နိုင်ငံတော်သမ္မတကြီး မိန့်ခွန်းတွေမှာ မကြာခဏ ထည့်သွင်းပြောကြားနေသလိုပဲ မြန်မာနိုင်ငံက မြေသယံဇာတ၊ ရေသယံဇာတအင်မတန်ကြွယ်ဝပါတယ်။ သဘာဝရာသီဥတုကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့အပြင် အင်မတန်ရိုးသားဖြူစင်လှပြီး အလုပ်ကြိုးစားတဲ့ လယ်ယာလုပ်သားတွေလည်း လုံလောက်ပြည့်စုံတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒီမြေသယံဇာတ၊ ရေသယံဇာတ၊ သဘာဝရာသီဥတု အခြေအနေပေးမှုတွေကို တောင်သူလယ်သမားတွေရဲ့ လုပ်အားတွေနဲ့ ပူပေါင်းပြီး အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ကျွန်တော်တို့ လယ်ယာကဏ္ဍက လျင်လျင်မြန်မြန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလားအလာကောင်းတွေ များစွာရှိမှာ ဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ ထွက်လာတဲ့ လယ်ယာထုတ်ကုန်တွေကို နိုင်ငံတကာ ဈေးကွက်မှာ ယှဉ်ပြိုင်ရောင်းချနိုင်ဖို့ အရည်အသွေးမြှင့်တင်ပေးဖို့လိုအပ်ပါတယ်။ အရည်အသွေးမြှင့်တင်နိုင်ဖို့အတွက် ဒီနေ့လို ခေတ်မီနည်းပညာတွေနဲ့ တီထွင်ဆန်းသစ်ထားတဲ့ စိုက်ပျိုးရေးနည်းပညာတွေကို တောင်သူလယ်သမားတွေဆီကို အကြံပြုပေးဖို့၊ နောက်တစ်ခါ တောင်သူလယ်သမားတွေအတွက် လယ်ယာလုပ်ငန်းခွင်မှာ ကျွဲနွားနဲ့ စိုက်ပျိုးလုပ်ကိုင်နေရတဲ့ ဘဝကနေပြီး စက်မှုလယ်ယာကို ကူးပြောင်းပေးနိုင်ဖို့ သမ္မတကြီးရဲ့ လမ်းညွှန်ချက်ကို ဒီနေ့လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ အခြေအနေတွေကို ပြသဖို့ ကျင်းပတဲ့ အခမ်းအနားဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အရင်က မိုးရေကိုသာမျှော်ကိုးပြီး တစ်ရာသီ တစ်နှစ်ကို တစ်သီးတောင်မသေချာတဲ့ လယ်သမားတွေရဲ့ဘဝကို ဒီနေ့မြစ်ရေတင်စီမံကိန်းတွေ၊ ဆည်စီမံကိန်းတွေကြောင့် စိုက်ပျိုးရေတွေကို အလုံအလောက် ပေးနိုင်ခြင်းအားဖြင့် တစ်နှစ်ကို နှစ်သီး၊ သုံးသီး စိုက်နိုင်မယ်၊ လယ်သမားတွေ ကြိုးစားရင် ကြိုးစားသလောက် ဝင်ငွေတွေ နှစ်ဆ၊ သုံးဆတိုးတက်ဖို့ သေချာတဲ့ကဏ္ဍ ဖြစ်ပါတယ်။



ဦးစောခရစ္စတိုဖာ (ကရင်ပြည်နယ်)

ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံရဲ့ အလုပ်အကိုင်ရှားပါးတယ်ဆိုတဲ့ ပြဿနာတွေကို၊ လယ်ယာလုပ်ငန်းတွေကို၊ တကယ်တိုးတက်အောင် သမ္မတကြီးလမ်းညွှန်ချက်အတိုင်း ပြုပြင်ပြောင်းလဲရေးတွေကို တစ်နိုင်ငံလုံးပြည်ထောင်စုတစ်ဝန်းလုံး ပျံ့နှံ့အောင်ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ဒီနေ့ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို လျင်လျင်မြန်မြန်၊ ထုထည်ပမာဏကြီးကြီးနဲ့ ဖော်ဆောင်ပေးနိုင်မှာ လယ်ယာကဏ္ဍပဲဖြစ်ပါတယ်။

ဒီလိုပါပဲ အခြေခံတောင်သူလယ်သမားတွေရဲ့ ဝင်ငွေတိုးတက်အောင် ဖန်တီးဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ဒီနေ့နိုင်ငံတော်အစိုးရသစ်ကို ပြည်သူတွေ တောင့်တနေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကိုလည်း လက်တွေ့အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒါတွေကို ခြုံငုံလိုက်ပြီးမှ သမ္မတကြီး လမ်းညွှန်ထားတဲ့ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေနဲ့ လယ်ယာမြေကို ထွန်ယက်စိုက်ပျိုးသည်မှ ဈေးကွက်ထဲကိုတင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ် တစ်ခုလုံး မြေယာပြုပြင်သည်မှ မျိုးစေ့ချမယ်၊ စိုက်ပျိုးမယ်၊ရိတ်သိမ်းမယ်၊ အခြောက်ခံမယ်၊ ခြွေလှေ့မယ်၊ ခေတ်မီစက်ကြီးတွေနဲ့ ကြိတ်ခွဲမယ်၊ ထွက်လာတဲ့ သီးနှံတွေကို အဆင့်မြှင့်တင်ပြီး နိုင်ငံခြားဈေးကွက်ကို တင်ပို့ရောင်းချမယ်ဆိုတဲ့ အစအလယ်အဆုံး လုပ်ငန်းစဉ်တစ်ခုလုံးကို လက်တွေ့ပြသဆောင်ရွက်တဲ့ အခမ်းအနားဖြစ်ပါတယ်။

စပ်မျိုးစပါးဆိုတာတော့ စပ်မျိုးနည်းပညာတွေက အင်မတန်အထွက်နှုန်းကောင်းတဲ့ အဖိုလိုင်း၊ အရည်အသွေးကောင်းတဲ့အမလိုင်း၊ အထွက်နှုန်းရော၊ အရည်အသွေးရော ကောင်းတဲ့ အဖိုလိုင်း၊ အမလိုင်းတွေကို မျိုးစပ်ထားတဲ့ နည်းပညာဖြစ်ပါတယ်။ သာမန်မြန်မာမျိုးဝက်တစ်ကောင်ကို အသားထွက်နှုန်းနဲ့ ကြီးထွားနှုန်း အင်မတန်ကောင်းတဲ့မျိုးတွေနဲ့ ရောလိုက်မယ်ဆိုရင် အသားထွက်နှုန်းကောင်း၊ ကြီးထွားနှုန်းမြန်တဲ့ မျိုးတွေဖြစ်လာမယ်။ သီးနှံတွေမှာလည်း ဒီအတိုင်းပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းတဲ့ မိဘမျိုးနှစ်မျိုးကို စပ်လိုက်တဲ့အခါ ထွက်လာတဲ့စပ်မျိုးက အင်မတန်မှ ထူးချွန်ပြီးဈေးကွက်ဝင်တဲ့ သီးနှံတွေ ထွက်လာမှာ ဖြစ်ပါတယ်။

ဒီနည်းပညာက လွန်ခဲ့တဲ့ဆယ်စုနှစ်အတန်ကြာကတည်းက ကျွန်တော်တို့နိုင်ငံကို ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီနည်းပညာတွေကို တရုတ်နိုင်ငံမှ မစ္စတာယန်လုံပင်းဆိုတဲ့ တရုတ်စပ်မျိုးပညာရှင်ကစပြီး ဖော်ဆောင်ပေးခဲ့တယ်။ အရင်ကဆို ဒီလိုစပ်မျိုး နည်းပညာမရှိတဲ့အတွက် တရုတ်နိုင်ငံက အစာပြတ်လပ်မှုကြောင့် လူဦးရေသန်းနဲ့ချီပြီး သေဆုံးမှုတွေရှိခဲ့တယ်။ အလားတူပဲ အိန္ဒိယနိုင်ငံမှာလည်း အိန္ဒိယနိုင်ငံရဲ့ ဖခင်ကြီးလို့ တင်စားပြီး ဒီနေ့ထိအောင် ကျော်ကြားနေတဲ့ ဒေါက်တာဆွာမိနသန်က စပ်မျိုးနည်းပညာတွေနဲ့ အိန္ဒိယနိုင်ငံကို ကမ္ဘာမှာနံပါတ်တစ် ဆန်စပါးတင်ပို့တဲ့နိုင်ငံဖြစ်အောင် ဖော်ဆောင်နိုင်ခဲ့တာ ဒီစပ်မျိုး နည်းပညာတွေနဲ့ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဒီပညာရှင်ကြီးတွေကိုယ်တိုင်မြန်မာသုတေသနပညာရှင်တွေနဲ့ ယခင်ကလည်း တွေ့ခဲ့တယ်။ အခုအစိုးရသစ်လက်ထက်မှာလည်း အကြိမ်များစွာထိတွေ့ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်အတွက် ကွက်လပ်တစ်ခုလိုဖြစ်နေတဲ့ အရည်အသွေး၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ၊ တိုင်းပြည်ရဲ့ စားရေရိက္ခာဖူလုံမှုကိုအာမခံနိုင်တဲ့ ဒီမျိုးတွေကို ကျွန်တော်တို့နိုင်ငံမှာ အင်တိုက်အားတိုက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေအနေနဲ့ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတွေကလည်း ဗီယက်နမ်၊ တရုတ်တို့နဲ့ ပူးပေါင်းပြီး စပ်မျိုးနည်းပညာတွေနဲ့ ဆန်စပါး ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်ထဲကို ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရာသီဥတုကောင်းတယ်၊ လူတွေ အလုပ်ကြိုးစားတယ်၊ ပညာရှင်တွေ အထိုက်အလျောက်ရှိတယ်၊ အတွေ့အကြုံရှိတယ် စတဲ့ အားသာချက်တွေရှိပါတယ်။ ဒါ့အပြင် အစိုးရသစ်လက်ထက်မှာ သမ္မတကြီးဦးဆောင်တဲ့ ပြုပြင်ပြောင်းလဲရေးတွေကြောင့် နိုင်ငံတကာနယ်ပယ်ကလည်း အထောက်အပံ့အကူအညီတွေ လာနေပါတယ်။ အိန္ဒိယနိုင်ငံက စပ်မျိုးပညာရှင်ဒေါက်တာဆွာမိနသန်တို့လို ၊ တရုတ်နိုင်ငံက စိုက်ပျိုးရေးကုမ္ပဏီတွေက ဒီမှာလာပြီး ပူးပေါင်းဆောင်ရွက်နေတဲ့အတွက် နည်းပညာကလည်း တစ်နိုင်ငံလုံး အလျင်အမြန်ပျံ့နှံ့ဖို့ အလားအလာကောင်းတယ်လို့ ပြောကြားလိုပါတယ်။

အစ္စရေးနိုင်ငံအနေနဲ့ မြေသယံဇာတနည်းပါးပြီး အကန့်အသတ်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ သူတို့နိုင်ငံမှာ မြေလည်းရှားတယ်၊ ရေလည်းရှားတယ်၊ ပညာရှင်တွေ အင်မတန်ထွန်းကားတဲ့အတွက်ကြောင့် မြေနည်းနည်းလေးမှာ ခေတ်မီနည်းတွေနဲ့စိုက်ပျိုး၊ ထုတ်လုပ်ပြီး ဥရောပနိုင်ငံအပါအဝင် ကမ္ဘာ့ဈေးကွက်ကို အသီးအနှံတွေနဲ့ ဟင်းသီးဟင်းရွက်တွေ တင်ပို့ရောင်းချနေတဲ့ ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။



ဦးနိုင်ကြည်ဝင်း (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)



ဦးဇော်စိုင်းတောင် (နယူးရောကုမ္ပဏီ)

ဒီနိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးပညာရှင်တွေက နှစ်အတန်ကြာကတည်းက ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ သင်တန်းသွားရောက်တက်ခဲ့တဲ့ မြန်မာနိုင်ငံသားအင်အားဟာ တစ်ထောင်ကျော်လောက် အခုလက်ရှိမှာရှိနေပါပြီ။အစ္စရေးနိုင်ငံက ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတွေကို ဒီနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံဖို့ကို နီးနီးကပ်ကပ်ဆွေးနွေးနေတဲ့ အဆင့်ရှိနေပါပြီ။ မကြာခင်မှာ သူတို့ဆီက ရင်းနှီးမြှုပ်နှံမှုတွေ ရောက်လာရင် အရည်အသွေးကောင်းတဲ့ အသီးအနှံ၊ ဟင်းသီးဟင်းရွက်တွေ ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် လယ်သမားတွေကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

အချုပ်ဆိုရသော် ယနေ့ဆိုလျှင် ကမ္ဘာ့နိုင်ငံကြီးများ၌ တိုးတက်လာသည့်လူဦးရေနှင့်အညီ နိုင်ငံအလိုက် စားနပ်ရိက္ခာဖူလုံမှုရှိစေရန် စပ်မျိုးစပါးများအပါအဝင် ဂျုံ၊ ပြောင်း၊ ဝါဂွမ်း စသည့်မျိုးဗီဇပြုပြင်ထားသည့် ကောက်ပဲသီးနှံများကို ဒေသရာသီဥတုနှင့်ကိုက်ညီအောင် စီမံစိုက်ပျိုး ထုတ်လုပ်လျက်ရှိပါသည်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးနှစ်ခုဖြစ်သည့် တရုတ်၊ အိန္ဒိယနိုင်ငံများအကြားတွင် တည်ရှိပြီး ဘိုးဘွားတို့၏ အမွေအနှစ်ဖြစ်သည့် လယ်ယာမြေတွင် သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်နှင့် စပ်မျိုးစပါးတို့ကို နိုင်ငံတစ်ဝန်းလုံး ညီညွတ်စွာစိုက်ပျိုးနိုင်ပါက တိုင်းပြည်လည်းဖွံ့ဖြိုး၊ တောင်သူများလည်း ဝင်ငွေတိုးတော့မည်သာဖြစ်ပါတော့သည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံသို့ရောက်ရှိ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-မြန်မာစစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (မြဝတီ)

**နေပြည်တော် နိုဝင်ဘာ ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုရှားနိုင်ငံ မော်စကိုမြို့ DME လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ယုနှင့်စစ်သံမှူး ဗိုလ်မှူးချုပ်ရဲနိုင်မျိုးတို့က နှုတ်ဆက်ကြိုဆိုသည်။

ထို့နောက် DME လေဆိပ်ဧည့်ခန်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှား-မြန်မာစစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်ဥက္ကဋ္ဌ Mr. Alexander Fomin နှင့်တွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သံအမတ်ကြီး ဦးတင်ယုနှင့် စစ်သံမှူး ဗိုလ်မှူးချုပ်ရဲနိုင်မျိုးတို့ တက်ရောက်ကြပြီး Mr. Alexander Fomin နှင့်အတူ ဒုတိယဥက္ကဋ္ဌ Mr. Drojjor နှင့် တာဝန်ရှိသူများ တက်ရောက်၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရေး အပြန်အလှန်ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ယုနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ရဲနိုင်မျိုးနှင့်ဇနီး၊ စစ်သံရုံးမိသားစုဝင်များအား လက်ဆောင်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ လေဆိပ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Major General Lotenkov၊ နိုင်ငံတော်ကာကွယ်ရေးနှင့် စက်မှုကော်မတီဒုတိယဥက္ကဋ္ဌ Mr. Bykor Igor၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Andrey Grenkivich နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါက်တာအောင်မိုးမြင့်တို့က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လေဆိပ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ခေတ္တတည်းခိုမည့် President Hotel သို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အင်းချောင်းများအတွင်း တိုင်းရင်းငါးမျိုးများ စိုက်ထည့်

**ရွှေကျင် နိုဝင်ဘာ ၂**

ပဲခူးတိုင်း ဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန်နှင့် ဒေသအတွင်း တိုင်းရင်းငါးများ ပိုမိုပေါများလာပြီး ဒေသခံပြည်သူများ ငါးစားသုံးနှုန်း မြင့်မားလာစေရေးနှင့် သဘာဝရေပြင်များအတွင်း တိုင်းရင်းငါးမျိုးများပြန့်ပွား၍ ရေနေသယံဇာတ တိုးတက်လာစေရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၏ အစီအစဉ်ဖြင့် အင်းချောင်းအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ပဲခူးခရိုင် ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာအုပ်စု ပက္ကိုးအင်း(သုတေသနအင်း)အတွင်း ကျင်းပခဲ့ရာ ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ သနပ်ပင် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးရဲထွန်းနိုင်တို့က အင်းချောင်းအတွင်း ငါးခူ၊ ငါးကျည်းကောင်ရေ ၁၄၅၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**(ကျော်ကျော်-IPRD)**

# Super Series Myanmar 2014 - 2015 ပိုက်ကျော်ခြင်းပြိုင်ပွဲ ထိုင်းအမျိုးသားနှင့် အမျိုးသမီးအသင်းတို့ အနိုင်ရဗိုလ်စွဲ

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းအဖွဲ့ချုပ်(ISTAF)၏ Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများနှင့် တတိယနေရာလုပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ကျင်းပရာ ထိုင်းအမျိုးသားနှင့် အမျိုးသမီးအသင်းတို့ အနိုင်ရဗိုလ်စွဲခဲ့ကြပြီး မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်းတို့မှာ တတိယရရှိခဲ့ကြသည်။

အမျိုးသားဗိုလ်လုပွဲတွင် ထိုင်းက မလေးရှားကို (၂၂-၂၀) (၁၈-၂၁) (၂၃-၂၁)မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးဗိုလ်လုပွဲတွင် ထိုင်းက ဗီယက်နမ်ကို (၂၁-၁၈) (၂၁-၁၃) မှတ်ဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲပြီး အမျိုးသား တတိယနေရာလုပွဲတွင် မြန်မာက စင်ကာပူကို (၂၁-၁၈) (၂၁-၁၃) မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးတတိယနေရာလုပွဲတွင် မြန်မာက အင်ဒိုနီးရှားကို (၂၁-၁၉) (၂၂-၂၄) (၂၁-၁၆) မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ချန်ပီယံဆုဖလားများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းကပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုတံဆိပ်များပေးအပ်ခဲ့သည်။

**(ကိုကိုစိုးညွှန့်)**



## ○ နိုင်ငံတကာမှ

ယနေ့ယှဉ်ပြိုင်ထိုးသတ်ကြသည့် ငါးချီအထူးစိန်ခေါ်ပွဲတွင် ထွန်းထွန်းမင်း၊(မြန်မာ)နှင့်ယှဉ်ပြိုင်ထိုးသတ်မည့် တူတာဘို့စ်သည် ညာလက်ဒဏ်ရာရရှိပြီး မယှဉ်ပြိုင်နိုင်တော့သဖြင့် ၎င်း၏နေရာတွင် မက်သရူး(ကနေဒါ)ကို အစားထိုးပြောင်းလဲယှဉ်ပြိုင်ခဲ့ပြီး အခြားတွဲဆိုင်းအချို့လည်း ပြောင်းလဲခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်တွင် မြန်မာနိုင်ငံ လက်ဝှေ့အစည်းအရုံးက ပြောကြားခဲ့သည်။

ပရိသတ်စိတ်ဝင်အစားဆုံးတွဲဆိုင်းဖြစ်သည့် နံပါတ်တစ် မြန်မာပြည်လက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်း(မြန်မာ)နှင့် မက်သရူး(ကနေဒါ)တို့တွဲဆိုင်းတွင် မက်သရူးက ထွန်းထွန်းမင်းထက် အရပ်အမောင်းနှင့် အလုံးအထည် ပို၍သာသည်။ သို့သော် တစ်ဦးချင်းကြွံခိုင်မှုနှင့် ပညာသည်သာ အဓိကကျကြောင်း ပထမအချီမှာပင် အနားတောင်းလိုက်ရသည့် မက်သရူး သိသွားသည်။ ခြေထောက်ကန်အားကောင်းသည့် မက်သရူး ခြေကန်ချက်ကို အဓိက အားထားသည်။ သို့သော်လည်း ကန်သမျှခြေကန်ချက်များကို ထွန်းထွန်းမင်းပိရိသေသပ်စွာ ရှောင်တိမ်းနိုင်ခဲ့သည်။ တတိယအချီမှာ မက်သရူးသိပ်မကပ်တော့။ ကန်ပြီးရှောင်သည်။ သို့သော် ထွန်းထွန်းမင်း၏ လက်သီးတွဲလုံးများထိပြီး တတိယအချီမှာပင် လဲကျကာ ပြန်မထနိုင်တော့ဘဲ ထွန်းထွန်းမင်း(မြန်မာ)အလဲထိုးအနိုင်ရသွားသည်။

မိုးဟိန်း(မြန်မာ)နှင့်ဂျိုနယ်(ဖိလစ်ပိုင်)တို့ပွဲတွင် ပထမအချီစစချင်းပင် မိုးဟိန်း၏ ခြေကန်ချက် ဂျိုနယ်(ဖိလစ်ပိုင်)ဇက်ပိုးကိုထိပြီး အနားတောင်းရသည်။ ဒုတိယအချီတွင် မိုးဟိန်း၏ ဒူးတိုက်ချက်က ဂျိုနယ်အရှိုက်ထိပြီး ပြန်မထနိုင်တော့သဖြင့် ဒုတိယ အချီမှာပင် မိုးဟိန်းဒိုင်ပွဲရပ်ဖြင့် အလဲထိုးအနိုင်ရခဲ့သကဲ့သို့ ရဲမြတ်အောင်(မြန်မာ)နှင့် ဘီယွန်ဒီ(ဖိလစ်ပိုင်)တို့ပွဲစဉ်တွင် ရဲမြတ်အောင်၏ တရကြမ်းလက်သီးများကြောင့် ဘီယွန်ဒီ ပထမအချီမှာပင် အနားတောင်းလိုက်ရသည်။ ဒုတိယအချီတွင် နှစ်ဦးစလုံးပူးကပ်ကာ ချိုစောင်းချင်းယှဉ်တိုက်ရာ ဘီယွန်ဒီလဲကျပြီး ရဲမြတ်အောင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

စောအယ်လေး(မြန်မာ)နှင့် ဘတ်ဘာယာ(မွန်ဂိုလီးယား)တို့ပွဲစဉ်ဖြစ်သည်။ ဘတ်ဘာယာက စောအယ်လေးထက် အရပ်အမောင်းသာသည်။ ပထမအချီမှာပင် ဘတ်ဘာယာ၏ ခြေကန်ချက်နှင့် လက်သီးတွဲလုံးများကြောင့် စောအယ်လေးမျက်နှာသွေးဖြာကျလာသည်။ ဒုတိယအချီ စောအယ်လေး အနားတောင်းရပြီး စတုတ္ထအချီတွင် လက်ရည်ပြန်တက်လာသဖြင့် ပရိသတ်အားပေးသံက ခန်းမတစ်ခုလုံး ဟိန်းထွက်လာသည်။ သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် ဘတ်ဘာယာ၏ ဘက်စုံသုံးတိုက်ခိုက်မှုဒဏ်ကို မခံနိုင်တော့ဘဲ စောအယ်လေး စတုတ္ထအချီမှာပင် ဘတ်ဘာယာကို အရှုံးပေးလိုက်ရသည်။

ကျားပေါက်(မြန်မာ)နှင့် ဂန်တိုတော့ခ်(မွန်ဂိုလီးယား)တို့ ပွဲစဉ် စလွတ်လွတ်ချင်းပင် ကျားပေါက်လက်သီး၊ တံတောင်ရိုက်ချက်များအောက် ဂန်တိုတော့ခ် ခံစစ်ဖြင့် ခုခံနေရသည်။ ဒုတိယအချီမှာပင် ကျားပေါက်က ဂန်တိုတော့ခ်ကို အလဲထိုး၍ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သကဲ့သို့ သပြေညို(မြန်မာ)နှင့် နာရွှန်ချိုင်(ထိုင်း)တို့ ပွဲအချီမှာပင် သပြေညို၏ ထိုးသတ်သည့်ဒဏ်ကို မခံနိုင်တော့ဘဲ နာရွှန်ချိုင် အနားတောင်းခဲ့ရသည်။ ပွဲပြန်စ ပြန်လဲ ပြန်ထနှင့် ခံစစ်ကနေထိုးသတ်သော်လည်း ပထမအချီမှာပင် လက်ရည်မမျှဘဲ ဒိုင်ပွဲရပ်ဖြင့် သပြေညိုအနိုင်ရရှိခဲ့ပြန်သည်။

တူးတူး(မြန်မာ)နှင့် မားသီးယက်စ်ရော်ဘင်(ဘရာဇီး)တို့ ပွဲစဉ်ဖြစ်သည်။ တူးတူးသည် မွေ့ထိုင်းပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့် မထိုးသတ်ဖြစ်ခဲ့သည့် တူတာဘို့စ်ကို အမှတ်ဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ယခုပွဲတွင် လက်ရည်ပြန်တက်လာပြီး မားသီးယက်စ်ရော်ဘင်ကို တတိယအချီမှာပင် အလဲထိုးကာ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ဇာဂါ

## ✳ စိုက်ပျိုးရေးမှ

အနှစ် ၃၀ မျှော်မှန်းရေးဆွဲမယ်ဆိုရင် ဒါကို အဓိကထားပြီးတော့ နောက် ၁၅ နှစ်မှာ စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်းတိုးတက်ဖို့ကို မျှော်မှန်းရေးဆွဲသင့်တယ်လို့ အကြံပြုတာပါ” ဟု ကြေးတိုင်နှင့်မြေစာရင်းဌာန(ညွှန်ကြားရေးမှူး-ငြိမ်း) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အကြံပေး ဦးသန်းက ပြောသည်။

အလားတူ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူ ပညာရှင်တစ်ဦးကလည်း “ တောင်သူလယ်သမားတွေဆိုတာဟာ အသေးစားလုပ်ငန်းတွေမှာ ပါဝင်နေပါတယ်။ စိုက်ပျိုးရေးကို အဓိကအခြေခံနေတာဖြစ်တဲ့အတွက် ဒီအရေးကိစ္စဟာ အရေးကြီးပါတယ်။ ဒီလို အသေးစားလုပ်ငန်းတွေ၊ စိုက်ပျိုးရေး အခြေခံတွေမှာ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် အမျိုးသားအကျိုးစီးပွားကို အထောက်အကူပြုနိုင်တဲ့အတွက် ဦးစားပေးထည့်သွင်းရေးဆွဲစေချင်ပါတယ်” ဟု တင်ပြသွားခဲ့သည်။

လက်ရှိတွင် မြို့ပြများဖွံ့ဖြိုးလာမှုနှင့် လူဦးရေထူထပ်များပြားလာမှု၊ ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့်အတူ မြို့ပြများချဲ့ထွင်လာရာတွင် စိုက်ပျိုးနိုင်သည့်မြေများ၌ စက်မှုဇုန်များ၊ အိမ်ရာများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်လာသောကြောင့် လယ်ယာမြေပြဿနာများ၊ ယင်းအပြင် လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားမှုပြဿနာများ၊ လယ်ယာမြေများ သိမ်းဆည်းခံရခြင်းကြောင့် လျော်ကြေးမရရှိခြင်းအပြင် လယ်ယာမဲ့၊ အိမ်ခြေမဲ့ပြဿနာများ ကြီးထွားလာလျက်ရှိရာ ခိုင်မာသော မူဝါဒတစ်ရပ်နှင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိသည်ဟု ပညာရှင်များက ဝေဖန်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြေအသုံးချမှုနှင့် ခွဲဝေချထားမှု စိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားမြေအသုံးချမှု မူဝါဒမူကြမ်းတစ်ရပ်ကို ရေးဆွဲစေခဲ့ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေပြီး နိုင်ငံတော်အတွင်း မြေအသုံးချမှု အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတွင် တိုက်ရိုက်သက်ဆိုင်သော အစိုးရဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအားလုံး အဖွဲ့ဝင်အဖြစ် ပါဝင်သည်ဟု သိရသည်။ လက်ရှိ မူကြမ်းရေးဆွဲမှု ပဥ္စမမူကြမ်းအပြီးသတ်ရေးဆွဲ၍ အများပြည်သူနှင့် တိုက်ရိုက်ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာလအတွင်းတွင် အမျိုးသားအဆင့် ဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း အမျိုးသားမြေအသုံးချမှု မူဝါဒ မူကြမ်းအပေါ် အကြံပြုချက်ရယူခြင်းဆိုင်ရာ ဆွေးနွေးပွဲမှ သတင်းရရှိသည်။

**(ဝဝ၁)**

ပြည်တွင်းရေးရာ

# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့

သတင်းဆောင်းပါး >> ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း

(ယမန်နေ့မှအဆက်)

**ဦးကိုကို**
**(မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ)**

အခုကတော့ ဆက်ပြီးစောင့်ကြည့်ရပါမယ်။ ပြီးခဲ့တဲ့အတွေ့အကြုံကောင်းတွေကို ဆက်ပြီးယူနိုင်ရင် အောင်မြင်မယ်။ ဒါပေမယ့် အခု ဆန်းမစ်ကတော့ အဓိက မြန်မာနိုင်ငံရဲ့ အာဆီယံဥက္ကဋ္ဌ နှုတ်ဆက်ပွဲပါပဲ။ ပြီးသွားရင် နောက်ဆုံးနေ့ အစီအစဉ်မှာ ၂၀၁၅ အာဆီယံဥက္ကဋ္ဌတာဝန်ကို မလေးရှားနိုင်ငံကိုလွှဲမယ့် အခမ်းအနားတွေပါ ပါတယ်။ နောက်ဆုံးအပိတ်အစည်းအဝေးတွေက အရေးကြီးတယ်။ ဘာကြောင့်လဲဆိုရင် အရှေ့အာရှဆန်းမစ်တွေပါလာတယ်။ ဆွေးနွေးဖက်တွေပါလာတယ်။ အာဆီယံ-အမေရိကန်တွေ ပါလာတယ်။ အခု ဒီမှာ ASEAN-UN SUMMIT တွေ့ဆုံပွဲတွေပါလာတယ်။ ဒီဆန်းမစ်ကို အမှီပြုပြီးတော့ နိုင်ငံတကာခေါင်းဆောင်တွေအလုပ်သဘောရောက်လာကြမယ်။ အမေရိကန်သမ္မတလည်း ရောက်လာမယ်။ အိန္ဒိယကလာတဲ့သတင်းအရ အိန္ဒိယဝန်ကြီးချုပ် မိုဒီလည်း ရောက်လာမယ်။ ဂျပန်ဝန်ကြီးချုပ်လည်း လာမယ်။ နိုင်ငံ့ထိပ်သီးခေါင်းဆောင်တွေလာတဲ့အခါ မြန်မာက အိမ်ရှင်ဖြစ်တဲ့အတွက်ကြောင့် ဆိုလိုချင်တာက ကျွဲကူးရေပါဆိုသလို မိမိအာဆီယံဆန်းမစ်ကို လုပ်ရင်းနဲ့ပဲ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိစ္စ၊ သံတမန်ဆက်ဆံရေးကိစ္စတွေကို ဆန်းမစ်ကနေ အခွင့်အရေးတစ်ခုအနေနဲ့အသုံးချပြီး ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံပေါင်းစုံကခေါင်းဆောင်ကြီးတွေလာဖို့ဖိတ်ဖို့ဆိုတာ အချိန်အများကြီးကြာနိုင်တယ်။ တစ်နှစ်ကို ဘယ်နှယောက်လာနိုင်မလဲ။ ဒီမှာ အကုန်လုံးလာကြမှာ။ တွေးလိုက်ရင် အခွင့်အလမ်းရမယ်လို့မြင်တယ်။

အခုကျင်းပနိုင်တာက ပွင့်ပွင့်လင်းလင်းပြောရရင် မြန်မာနိုင်ငံက ဒီမိုကရေစီနိုင်ငံကို အသွင်ကူးပြောင်းတဲ့နိုင်ငံဖြစ်သွားလို့ အရင်စနစ်ဟောင်းလေးတစ်ခုထဲမှာ မြန်မာနိုင်ငံကျန်ရှိနေမယ်ဆိုရင် ဒီလိုကျင်းပနိုင်တဲ့ အခွင့်အရေးလည်းရမှာမဟုတ်သလို နိုင်ငံတကာရဲ့အားပေးထောက်ခံမှုကိုရမယ်လို့ မထင်ဘူး။ မြန်မာနိုင်ငံရဲ့နိုင်ငံရေးစနစ် အကူးအပြောင်းအထူးသဖြင့် အကူးအပြောင်းဆိုတာ နှစ်မျိုးရှိတယ်။ ဒီမိုကရေစီစနစ်ကနေ ဒီမိုကရေစီဆိတ်သုဉ်းတဲ့ စနစ်ပြောင်းတာဆိုရင် အနုတ်လက္ခဏာကူးပြောင်းခြင်းပေါ့။ ဒီမိုကရေစီမရှင်သန်တဲ့ဘဝကနေ ရှင်သန်တဲ့ဘဝကိုကူးပြောင်းတာဆိုတော့ အပေါင်းလက္ခဏာပေါ့။ မြန်မာနိုင်ငံက အပေါင်းလက္ခဏာကိုသွားနေတဲ့အချိန်မို့လို့ ဒီလိုအခွင့်အရေးတွေရတယ်။ နိုင်ငံတကာရဲ့အားပေးထောက်ခံမှုတွေ၊ ကူညီမှုတွေရတယ်။ ကျွန်တော်တို့နိုင်ငံမှာ အစိုးရနဲ့ နိုင်ငံဆိုတဲ့ အပိုင်းကို အစွဲအလမ်းတစ်ခုဖြစ်နေတယ်။ STATE နဲ့ GOVERNMENT ကို မြန်မာနိုင်ငံကတွဲပြီးမြင်နေတယ်။ အစိုးရဆိုတာ အမြဲတမ်းပြောင်းလဲနေတာ။ ဒီမိုကရေစီခေတ်မှာ အခုဆိုရင် ဒီအစိုးရသက်တမ်းတစ်နှစ်ပဲ ကျန်တော့တယ်။ နောက် အစိုးရတစ်ခုကတက်တော့မှာ။ အစိုးရတွေကပြောင်းနေတာ။ မပြောင်းတာ နိုင်ငံတော်ကြီးဆိုတဲ့ STATE က အမြဲတမ်းရှိနေတာ။ ပြီးခဲ့တဲ့ SEA Games မှာလည်း တချို့သောပုဂ္ဂိုလ်တွေ ဒီအတိုင်းပဲ၊ လူတွေက ခွဲမြင်ဖို့လိုတယ်။ SEA Games တစ်ခုလုံးကျင်းပတာ အစိုးရရဲ့ပွဲမဟုတ်ဘူး။ မြန်မာတစ်နိုင်ငံလုံး နိုင်ငံတစ်ခုလုံးကျင်းပတာ နိုင်ငံရဲ့ပွဲဒါကိုမြင်ဖို့လိုတယ်။

ဒီပွဲမှာလည်း အစိုးရတစ်ခုဆိုတာထက် နိုင်ငံတစ်နိုင်ငံအနေနဲ့ လုပ်တာဆိုတာမြင်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုလုပ်ငန်းတွေက ဘယ်အစိုးရတက်တက် ထပ်ပြီးလုပ်ကြမှာပဲ။ အခုအချိန် ဒီအစိုးရတက်နေချိန်နဲ့ တိုက်ဆိုင်လို့ ဒီပွဲလုပ်တာလေ။ ၂၀၁၀ ရွေးကောက်ပွဲမှာ အခုအစိုးရမတက်ခဲ့ဘဲ အခြားပုဂ္ဂိုလ်တွေက အစိုးရဖြစ်ပြီးတက်ခဲ့ရင် အာဆီယံထိပ်သီးအစည်းအဝေးတွေ ကျင်းပရမှာပဲ။ ငါတက်လို့ သူတက်လို့ဆိုတာထက် ဒါကနိုင်ငံတော်အတွက်ဆိုတာမျိုးကို မြင်နိုင်ရင်ကောင်းပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အောင်မြင်စွာကျင်းပနိုင်တယ်ဆိုတဲ့စကားကို အခုနိုင်ငံတကာက သုံးတာဘယ်လိုသုံးလဲဆိုတော့ Myanmar Can Host ASEAN Summit Successfully- မြန်မာနိုင်ငံဟာ အာဆီယံထိပ်သီးဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်တယ်သုံးတာ။ Myanmar Government Can Host လို့ ပြောသွားတာမဟုတ်ဘူး။ မြန်မာအစိုးရက ကျင်းပနိုင်တာမဟုတ်ဘူး။ မြန်မာနိုင်ငံက ကျင်းပနိုင်တာဆိုတဲ့ အာဆီယံအစည်းအဝေးကြီးက GOVERNMENT ဆိုတဲ့ အစိုးရမဟုတ်ပါဘူး။ အကုန်လုံးနဲ့ ဆိုင်ပါတယ်။ မဏ္ဍိုင်ကြီးသုံးရပ်နဲ့လည်း ဆိုင်ပါတယ်။ စတုတ္ထမဏ္ဍိုင်နဲ့လည်း ဆိုင်တယ်။ ပြည်သူတွေနဲ့လည်း အားလုံးဆိုင်တဲ့ကိစ္စကြောင့် မြန်မာတွေတော်တယ်။လုပ်တတ်ကိုင်တတ်တယ် ပြောရင် မြန်မာတစ်မျိုးသားလုံး ဂုဏ်ရှိတာပေါ့။



ဆရာရဲကျော်ခေါင်
(စံတော်ချိန် နေ့စဉ်သတင်းစာ၊ အယ်ဒီတာချုပ်)

**ဆရာရဲကျော်ခေါင်**
**(စံတော်ချိန် နေ့စဉ်သတင်းစာ၊ အယ်ဒီတာချုပ်)**

၂၀၁၄ မှာ ဥက္ကဋ္ဌဖြစ်တာက သာမန်စာရွက်ပေါ်မှာတင် မဟုတ်ဘူး။ တကယ်လက်တွေ့တာဝန်သိသိနဲ့ တာဝန်ခံပြီး လုပ်ရတဲ့ ဥက္ကဋ္ဌလုပ်ရတာကိုး။ ၂၀၁၄ မှာ မြန်မာနိုင်ငံကို အာဆီယံဥက္ကဋ္ဌပေးလိုက်တယ်ဆိုတာကလည်း မဟုတ်ဘူး။ ကိုယ်နိုင်ငံဘက်ကလည်း နိုင်ငံဂုဏ်သိက္ခာအရ အာဆီယံ ဥက္ကဋ္ဌ တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်တယ်ဆိုတာကို ပြဖို့လိုတယ်။

အခုကျင်းပတော့မယ် အာဆီယံဆန်းမစ်က နိုင်ငံအတွက်၊ နိုင်ငံရဲ့ရှေ့ရေးအတွက်၊ လာရောက်တဲ့ ဧည့်သည်တွေအတွက် အင်မတန်အရေးကြီးတယ်။ ကမ္ဘာကို ပြနိုင်တဲ့ အခွင့်အရေးပဲ။ တစ်ခုခုများ ချွတ်ချော်ရင်သွားပြီ။ ဒီအစည်းအဝေးက ကိုယ့်နိုင်ငံက နိုင်ငံကြီးသားပီသတဲ့ အပြုအမူ၊ အပြောအဆို၊ အရေးအသားတွေကို မီဒီယာတာဝန်ကအရေးကြီးသွားပြီ။ အဲဒီမှာ သုံးသပ်တာမှားရင်သွားပြီ။ အမေရိကန်၊ တရုတ်၊ ရုရှား စတဲ့ သံရုံးတွေကလည်း မည်သည့်ဘက်ကို ဖောင်းပေးရေးနေတယ်ဆိုတာ ကြည့်နေတာ။ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ၊ ဥရောပနိုင်ငံတွေ၊ ပြည်သူတွေ အနေအထားအရ အကောင်းမြင်ရမယ်။ ရခိုင်အရေးကိစ္စကြောင့် အချို့တွေက မြန်မာနိုင်ငံမှာ ဘာသာရေးဖိနှိပ်မှုတွေ၊ လူမျိုးရေးခွဲခြားမှုတွေရှိတယ်လို့ အမြင်တွေပြထားတာရှိတယ်။ ကိုယ့်နိုင်ငံရဲ့ ရှေ့ရေးဒ့ါအပြင် ၂၀၁၅ ရွေးကောက်ပွဲအနေအထားကို အခုဆန်းမစ်ပေါ်မှာ အများကြီးမူတည်နေပါတယ်။ ဆင်းရဲချမ်းသာမရွေး၊ အလွှာမရွေး၊ လူတန်းစားမရွေး အခုဆန်းမစ်ကြီး အောင်မြင်အောင် တတ်နိုင်တဲ့ဘက်က ဆောင်ရွက်ပေးရမယ်။ ပါဝင်ပေးရမယ်။ ကာကွယ်ပေးရမယ်။

**ဦးသာဌေး**
**(မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်တာကြောင့် အာဆီယံထိပ်သီး အစည်းအဝေးသာမက ဆွေးနွေးဖက်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ တရုတ်၊ ရုရှား၊ အိန္ဒိယစသဖြင့် နိုင်ငံကြီးတွေကလည်း ပါဝင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အကြီးဆုံး အစည်းအဝေးလို့ ကျွန်တော်မြင်တယ်။ ဒါဟာကမ္ဘာ့မိသားစုထဲက ထင်ထင်ရှားရှား ဝင်လိုက်တာဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ ကျွန်တော်တို့နိုင်ငံက ဦးဆောင်ပြီး အကောင်အထည်ဖော်တဲ့ အစည်းအဝေးကြီးဖြစ်တာကြောင့် နိုင်ငံအတွက် ဂုဏ်ယူစရာလည်းကောင်းပါတယ်။

အရင်က ကျွန်တော်တို့ တိုင်းပြည်ကို တော်တော်များများက သိပ်မသိကြဘူး။ အခုတော့ မြန်မာဆိုတာက ကမ္ဘာ့မိသားစုထဲမှာ ဦးဆောင်ဦးရွက်ပြုလာနိုင်တဲ့အတွက် ကောင်းတဲ့အချက်တစ်ခုဖြစ်ပါတယ်။ အမေရိကန်၊ တရုတ်၊ ဩစတြေးလျစသဖြင့် နိုင်ငံကြီးတွေ အများကြီးလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့တိုင်းပြည်အပေါ် ပိုပြီးနားလည်မှုတွေရလာမယ်။ တစ်ကမ္ဘာလုံးက မီဒီယာသမားတွေ၊ သတင်းထောက်တွေကိုလည်း ဖိတ်ထားတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာအကြီးဆုံးနိုင်ငံ့ခေါင်းဆောင်တွေ ကျွန်တော်တို့တိုင်းပြည်မှာ တွေ့ဆုံတဲ့ပွဲပဲလေ။ နိုင်ငံတကာ မျက်နှာစာမှာ နေရာယူသွားမှာဖြစ်ပါတယ်။ ကောင်းတဲ့အချက်က ကျွန်တော်တို့တိုင်းပြည်ရဲ့ တိုးတက်မှု စွမ်းဆောင်ရည်ကို ပြနိုင်မယ်။ နောက်ပြီး ကျွန်တော်တို့တိုင်းပြည်မှာ နိုင်ငံပေါင်းများစွာကို တစ်ပြိုင်နက်တည်း ထည်ထည်ဝါဝါ ခမ်းခမ်းနားနား ဧည့်ခံနိုင်တာအတွက်လည်း နိုင်ငံရဲ့ပုံရိပ်(Image)လည်း တက်လာမယ်။ ဒါဟာတိုင်းပြည်အတွက်လည်း ဂုဏ်ယူစရာ တစ်ခုပါ။

ဒီနေ့အချိန်က အားလုံးသိတဲ့အတိုင်းပါပဲ။ နိုင်ငံရေးအရ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ကြိုးစားလျှောက်နေကြပြီ။ လွတ်လပ်ရေးရပြီးကတည်းက မငြိမ်းချမ်းခဲ့တဲ့ ကျွန်တော်တို့တိုင်းပြည်မှာ နိုင်ငံ့ခေါင်းဆောင်တွေက ဦးဆောင်ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမ ခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးကို ဆွေးနွေးနေတဲ့အချိန် ဖြစ်ပါတယ်။ အကုန်လုံးမရသေးသော်ငြားလည်း ကျွန်တော်ထင်တာတော့ ကောင်းတဲ့လက္ခဏာဆောင်နေပြီလို့မြင်ပါတယ်။ အချိန်တော့ယူချင်ယူရမှာပေါ့လေ။ ငြိမ်းချမ်းရေးကို ညီရင်းအစ်ကိုတွေလို ယုံယုံကြည်ကြည်နဲ့ ဆက်ဆံ၊ ဆွေးနွေးနေကြတာဟာ တိုင်းပြည်အတွက် ငြိမ်းချမ်းရေးက ရောင်နီသန်းနေတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် အခုလို အချိန်မျိုးမှာ ကောင်းကောင်းမွန်မွန် ခမ်းခမ်းနားနား ကျင်းပပေးနိုင်တာလည်းဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်နဲ့ပတ်သက်လို့ပါ။

လွှတ်တော်ထဲမှာလည်း မပြည့်စုံသေးတာတွေရှိကောင်းရှိမယ်။ အားလုံးလက်မခံတာ၊ လက်ခံတာ စတဲ့ကိစ္စတွေကတော့ရှိပါတယ်။ ဒီအပေါ်မှာကြိုးစားပြီး ညှိနှိုင်းနေကြတာပဲလေ။ ဒီမိုကရေစီအရွေ့တစ်ခုကို ရွေ့လာပြီ။ ငြိမ်းချမ်းရေးကလည်း ရောင်နီသန်းနေပြီ။ တိုင်းပြည်က သာယာအေးချမ်းလာနေတဲ့အတွက်လည်း အခုလိုကျင်းပနိုင်တာဖြစ်ပါတယ်။ မငြိမ်းချမ်းတဲ့နေရာဆိုရင် ဘယ်လုပ်လို့ရမလဲ။ ကျွန်တော်တို့ ပြည်သူပြည်သားတွေရဲ့ စိတ်ဓာတ်ကလည်း အားလုံးက ကြိုဆိုတဲ့အနေအထားဆိုတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ရှေ့မှာလည်း အစည်းအဝေးတွေအများကြီးလုပ်ပေးခဲ့ပြီ။ ဘာသံမှ မကြားခဲ့ရဘူးလေ။ ကျွန်တော်တို့တိုင်းပြည်က လုံခြုံရေးကိုလည်း အာမခံနိုင်တယ်။ အကောင်းဆုံးဖြစ်အောင် လည်း ပြင်ဆင်ဖန်တီးနေကြပြီ။

ဘာပဲဖြစ်ဖြစ် ကောင်းတဲ့အလားအလာပါပဲ။ ဒီအချိန်မှာ နိုင်ငံတကာကခေါင်းဆောင်ကြီးတွေကလည်း ရောက်လာကြမယ်။ ကျွန်တော်တို့ဘက်ကလည်း ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ထားခဲ့တော့ အောင်မြင်တဲ့ လက္ခဏာတွေပါပဲ။ ပြည်သူလူထုကလည်း ငြိမ်းချမ်းတာကိုကြိုက်သလို နိုင်ငံတကာက လာတာလည်းကြိုက်တယ်။ နိုင်ငံတကာ မျက်နှာစာမှာ အခုလိုဝင်ဆံ့လာတာကိုလည်း ပြည်သူက ကြိုက်တယ်။ နိုင်ငံတကာမိသားစုထဲမှာ ဝင်ဆံ့လာတော့လည်း ပြည်သူကပျော်တာပေါ့။

အရင်က ကိုယ့်နိုင်ငံသားတွေ အခြားတိုင်းပြည်တွေသွားရင် မျက်နှာငယ်ရတယ်။ အခုတော့ အရင်ကနဲ့မတူတော့ဘူး။ ကျွန်တော်တို့တွေ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဝင်ဆံ့လာတာကြောင့် မျက်နှာမငယ်ရတော့ဘူး။ မြန်မာဆိုရင် လေးလေးစားစားဆက်ဆံလာတာတွေ့ရတယ်။ ကျွန်တော်တို့တိုင်းပြည်က သယံဇာတလည်းပေါတယ်။ တိုင်းပြည်လည်း ကြီးတယ်။ ကြိုးစားရင် အချိန်မရွေး ရင်ပေါင်တန်းလာနိုင်တယ်ဆိုတော့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ကျွန်တော်တို့ ပြည်သူပြည်သားတွေရဲ့ ပုံရိပ်တက်လာတာပေါ့။



ဦးသာဌေး
(မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ
အသင်းဥက္ကဋ္ဌ)

ပြီးခဲ့တဲ့ ဆီးဂိမ်းကို နိုင်ငံတကာမှာရောက်နေကြတဲ့ မြန်မာတိုင်းရင်းသားတွေက ကြည့်ကြတယ်။ နိုင်ငံခြားရောက်မြန်မာတွေက ဆီးဂိမ်းဖွင့်ပွဲကြီးရဲ့ ဆောင်ရွက်ချက်တွေ၊ အောင်မြင်မှုတွေကို အားရကြတယ်။ ကိုယ့်တိုင်းပြည်ကဒါမျိုးလုပ်နိုင်တာကို ဂုဏ်ယူကြတယ်။ တစ်ဦးတစ်ယောက်တည်းနဲ့တော့ မစွမ်းနိုင်ဘူး။ အားလုံးဝိုင်းပြီး ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒီလိုပါပဲ အခုလည်းထိပ်သီးအစည်းအဝေးကြီးကို အခုလိုအကောင်အထည်ဖော်နိုင်တာကို မြန်မာပြည်သူတွေက ဂုဏ်ယူပါတယ်။ ဒီအပေါ်မှာ ဘာမှဝိဝါဒကွဲပြားတာမရှိဘူး။ ကျွန်တော်တို့ တိုင်းပြည်ရဲ့အောင်မြင်တဲ့ ဆောင်ရွက်ချက်တစ်ခုလေ။ တစ်ယောက်နဲ့ တစ်ယောက် သဘောထားမတိုက်ဆိုင်တာတွေ၊ ငြင်းခုံတာတွေရှိကောင်းရှိမယ်။ ဒါပေမယ့် ကိုယ့်တိုင်းပြည်အတွက် ကမ္ဘာ့အသိုင်းအဝိုင်းမှာ ထိုးဖောက်နိုင်အောင်ကြိုးစားနေတဲ့အချိန်မှာ အခုလို ကျင်းပနိုင်တာကို ပြည်သူတွေကလည်း ကျေနပ်လက်ခံကြမှာပါ။ ဂုဏ်ယူစရာတစ်ခုပါ။

နိုင်ငံတကာက ခေါင်းဆောင်တွေက ရောက်လာကြမယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့အနေအထားကို အမှန်အတိုင်း မြင်သွားမယ်။ နောက်ပြီး အပြင်ကကြားနေရတဲ့အသံတွေကို ကိုယ်တိုင်ကိုယ်ကျတွေ့သွားကြမယ်။ အာဆီယံနဲ့မိတ်ဖက်နိုင်ငံတွေ၊ အချင်းချင်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆွေးနွေးကြမယ်။ ဒီမှာလည်း စီးပွားရေးနဲ့ ပတ်သက်တဲ့သဘောတူညီချက်တွေ၊ အခြားကျန်းမာရေး၊ ပညာရေးနဲ့ ပတ်သက်တဲ့သဘောတူညီမှုတွေ၊ နိုင်ငံတကာက အကူအညီပေးမယ့် သဘောတူညီချက်တွေ အများကြီးဆွေးနွေးကြမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကကောင်းတဲ့အစည်းအဝေးကြီး ဖြစ်တဲ့အတွက် သူ့ဘက် ကိုယ့်ဘက်မျှတဲ့ အကျိုးအမြတ်တွေ ရလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ကလည်း အားလုံးနဲ့ ဝင်ဆံ့သွားပြီး နိုင်ငံရေးအားဖြင့်သာမက စီးပွားရေးအရပါ အကျိုးအမြတ်ရရှိလာမှာဖြစ်ပါတယ်။ ။

❐❐

## မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲကျင်းပသည့် ကလေးစာပေပြိုင်ပွဲ ဆုရရှိသူများကြေညာ

**ရန်ကုန် နိုဝင်ဘာ ၂**

အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (Myanmar Writers Association-MWA) တို့ ပူးတွဲပြီး မြန်မာနိုင်ငံရှိ ကလေးများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများ ထွက်ပေါ်နိုင်ရေးကို ရည်ရွယ်လျက် ကလေးစာပေပြိုင်ပွဲကျင်းပခဲ့သည်။

ပြိုင်ပွဲ၏ ဆောင်ပုဒ်မှာ "မိသားစု" (Family)ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

အသက်(၃)နှစ်မှ (၄)နှစ်အရွယ် ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်း သရုပ်ဖော်စာမူပြိုင်ပွဲတွင် ပန်းချီ ဝင်းမြင့်အောင် ရေးဆွဲသရုပ်ဖော်သည့် "ပျော်ရွှင်စရာ တို့မိသားစုကမ္ဘာ" စာမူက ပထမ၊ ပန်းချီညီညီ ရေးဆွဲသရုပ်ဖော်သည့် "မေတ္တာရှင်မိသားစုနှင့် ပလွေစောင့်ဘီလူး"က ဒုတိယ၊ အသက်(၅)နှစ်မှ (၆)နှစ်အရွယ် ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်း သရုပ်ဖော်စာမူပြိုင်ပွဲတွင် ပန်းချီ ထားထားဦး ရေးဆွဲသရုပ်ဖော်သည့် "နိကာရှိုနို မဲလုံး" စာမူက ပထမဆုကို အသီးအသီးရရှိကြောင်းနှင့် ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း ကျောက်တံတား မြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

ဆုရရှိသည့်စာမူများကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တစ်ဆင့် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

❐❐

# ပြည်သူ့အသံ ပြည်သူ့အကြံ

**ခင်မောင်ထွေး**

၁၈၅၂ ခုနှစ်တွင် ဗြိတိန်နိုင်ငံမှ ရစ်ချတ်ထရီဗီသစ်၊ ဝီလျှံဟက်ဒလီနှင့် ဂျော့စတီဗင်ဆင်တို့ စွန့်ဦးတီထွင်ကြိုးပမ်းခဲ့သည့် ရေနွေးငွေ့အားသုံး ရထားစက်ခေါင်းများမှသည် ဒီဇယ်အင်ဂျင်စက်ခေါင်း၊ လျှပ်စစ်ဓာတ်အားစက်ခေါင်း၊ သံလိုက်ဓာတ်အားသုံးစက်ခေါင်းများအထိ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာသော ရထားပို့ဆောင်ရေးကဏ္ဍသည် မျက်မှောက်ကာလတွင်မူ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ မရှိမဖြစ်လုပ်ငန်းတစ်ခုဖြစ်လာသည်။

မော်တော်ယာဉ်စီးရေ လေးသိန်းကျော်ရှိရုံမက တစ်နိုင်ငံလုံး မော်တော်ယာဉ်မှတ်ပုံတင် စာရင်း၏ ၈၀ ရာခိုင်နှုန်းကျော် ဝင်၊ ထွက်မောင်းနှင်သွားလာလျက်ရှိသော မြို့ပြရန်ကုန်သည် ပစ္စုပ္ပန်တွင် ယာဉ်ကြောပိတ်ဆို့မှုအကျပ်အတည်းများကို ပိုမိုရင်ဆိုင်ကြုံတွေ့နေရသည်။

သို့မို့ကြောင့် မြန်မာ့မီးရထားသည် ပြောင်းလဲလာသော ခေတ်စနစ်၏ တောင်းဆိုမှုအရ ရထားပို့ဆောင်ရေးလုပ်ငန်းများကို ဂျပန်နိုင်ငံ JICA ၏ ကူညီပံ့ပိုးမှုဖြင့် ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြို့ရန်ကုန်၏ ယာဉ်ကြောပိတ်ဆို့မှု အကျပ်အတည်းကို တစ်ဖက်တစ်လမ်းမှ ဖြေလျှော့ပေးနိုင်ရန် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး ခရီးစဉ်ပြေးဆွဲမှုအပိုင်းကိုလည်း ကဏ္ဍအလိုက် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြင့် ယခုအပတ် ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ရန်ကုန်မြို့ပတ်ရထားကို အသုံးပြုပြီး နိစ္စဓူဝ ခရီးသွားလာနေကြသည့် ပြည်သူအချို့၏ ပြည်သူ့အသံ ပြည်သူ့အကြံပြုချက်များကို ရွေးချယ်ကောက်နုတ် တင်ပြလိုက်ရပါသည်။

**မခိုင်ခိုင်ဦး**
**ပဲခူး-ကျောက်တန်း**

ကျွန်မက ကုန်စိမ်းရောင်းပါတယ်။ ပဲခူးကျောက်တန်းက ရန်ကုန်သယ်န်းကျွန်းစံပြဈေးကို နေ့တိုင်းသွားလာပါတယ်။ ရထားလက်မှတ်ခက သုံးရာကျပ်ပဲပေးရတယ်။ ကုန်းလမ်းကသွားရင် ဆိုင်ကယ်ကယ်ရီအပါအဝင် ခရီးစရိတ် နှစ်ထောင်၊ သုံးထောင်ကုန်တယ်။ အခုက အကြံပြုချင်တာကတော့ ရထားချိန်စောစေချင်ပါတယ်။ အရင်က ပုံမှန်ပဲ။ အခုနောက်ပိုင်းနှစ်နာရီလောက် နောက်ကျတယ်။ ပဲခူး-ရန်ကုန် လော်ကယ်ရထားက တစ်စင်းပဲရှိတော့ ရထားနောက်ကျရင် အဆင်မပြေဘူး။

**ဦးတင်မောင်ဝင်း**
**သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်**

ကျွန်တော်က သယ်န်းကျွန်း ငမိုးရိပ်ဘူတာကနေ အလုံမြို့နယ်ကို ရုံဖန်ရုံခါစီးတယ်။ ခါတိုင်းဆိုရင်တော့ တိုက်ရိုက်ပေါ့။ အခု နိုဝင်ဘာ ၁ ရက်ကစပြီး ရန်ကုန်ဘူတာကြီးအထိ လက်မှတ်တစ်ခါဝယ်၊ ရန်ကုန်ဘူတာကြီးကနေ အလုံကို လက်မှတ်တစ်ခါဝယ်ရတယ်။ အခု ၁၅ မိုင်ကို ငွေကျပ် ၅၀ ယူတဲ့စနစ်ပေါ့။ အလုပ်တော့နည်းနည်းများသွားတာပေါ့။ ဟိုကျတစ်ခါ လက်မှတ်ဝယ်ရဦးမယ်လေ။ လက်မှတ်ဝယ်နေတုန်း ရထားကဝင်လာရင် ကသိကအောက်တော့ ဖြစ်တာပေါ့။ တစ်ဆင့်တစ်ဆင့် ပြန်ဝယ်နေရတော့ ခရီးထောက်တာပေါ့၊ ကြန့်ကြာတာပေါ့။ ငွေကျပ် ၅၀ စနစ် လုပ်ပေးတာကောင်းပါတယ်။ ဒါလေး တစ်ခုပါပဲ၊ စစီးတဲ့ ဘူတာကနေ ကိုယ်သွားမယ့် ဘူတာကို ကုန်ကျမယ့် လက်မှတ်တန်ဖိုးကို ခရီးမိုင်နဲ့တွက်ပေးလိုက်ရင် ပိုကောင်းတာပေါ့။ အဲဒါမျိုးဖြစ်သင့်တာပေါ့။ တွဲတွေကတော့ ပိုကောင်းလာပါတယ်။ ရထားဘူတာနဲ့ ရထားလမ်းဘေးဝဲ၊ ယာတွေ ယခင်ကထက် ပိုသန့်ရှင်းလာတာတွေ့ရပေမယ့် အချို့နေရာတွေမှာ အမှိုက်ပုံကြီးတွေ တွေ့နေရသေးတယ်။ ရထားလမ်းဘေးဝဲ၊ ယာတစ်လျှောက် မျက်စိပသာဒ ပိုကောင်းအောင်ဆောင်ရွက်နိုင်ရင် ပိုကောင်းတာပေါ့။

**ဒေါ်ခင်နွယ်ဦး**
**ရွာသာကြီးကျေးရွာ**

ကျွန်မက ရွာသာကြီးမှာ နေပါတယ်။ ရွာသာကြီးဘူတာက ခေါင်းလှည့်ရထားကို နံနက် ၉ နာရီပုံမှန်စီးပါတယ်။ အသွား နာရီဝက်၊ အပြန် နာရီဝက်ပဲကြာပါတယ်။ ရထားကကောင်းပါတယ်။ ရထားချိန်ကတော့ တစ်ခါတစ်ရံ အမြန်ရထားရှောင်ရတော့ မှန်ရင်လည်း မှန်တယ်။ မမှန်ရင်လည်း မမှန်ဘူးပေါ့။ အခုအသွား ငွေကျပ် ၅၀၊ အပြန်ငွေကျပ် ၅၀ ပေါ့။ အရင်ကလည်း အသွားအပြန်ငွေကျပ်တစ်ရာပါပဲ။ ဒါပေမယ့် လက်မှတ်တစ်စောင်တည်းနဲ့ အသွားအပြန်စီးလို့ရတယ်။ အခုတော့ နှစ်ခါပြန်ဝယ်နေရတယ်။ ကျန်တာတွေကတော့ အကုန်ကောင်းလာပါပြီ။

**ဒေါ်မြင့်မြင့်ဌေး**
**တိုးကြောင်လေးကျေးရွာ**

အခု စနစ်က ရထားလက်မှတ်ကို နှစ်ခါဝယ်ရတော့ တကယ်လို့ရထားလာနေရင် ကိုယ်က မလိုက်ရတော့ဘူး။ လက်မှတ်တစ်ခါပြေးဝယ်ရတော့ ရထားကလွတ်သွားရော။ အချိန်ပုပ်သွားတာပေါ့။ တစ်ခါတည်းရောင်းထားလိုက်ရင် ရထားလာရင်ပြေးတက်ရုံပဲ။ တစ်ခါဝယ်ပြီးရင် ပြီးရောပေါ့။ ကျန်တာတွေကတော့ အားလုံးကောင်းလာပါပြီ။ တိုးကြောင်လေးဘူတာဆို ဆေးတွေ၊ ဘာတွေသုတ်ထားပြီး အမြဲတမ်း သန့်ရှင်းရေးတွေ လုပ်ထားတယ်။ အခုက အကြံပြုချင်တာကတော့ ရထားချိန်မှန်စေချင်တယ်။ အခုကတော့ ရထားချိန်က ပြောလို့မရဘူး။ အချိန်သိပ်မမှန်ဘူး။

**မသက်**
**သယ်န်းကျွန်းမြို့နယ်**

ကျွန်မက ပုံမှန်မြို့ပတ်ရထားစီးခရီးသည်တစ်ဦးပါ။ ရထားချိန်က အရင်ကလောက်မဆိုးပေမယ့် အခုရက်ပိုင်းအတွင်းမှာတော့ တစ်နာရီလောက် နောက်ကျနေတယ်။ ဒါကြောင့် ရထားချိန်ပုံမှန်ဖြစ်ဖို့လိုပါတယ်။ အခုရထားလက်မှတ်ခ ငွေကျပ် ၅၀ သတ်မှတ်လိုက်တော့ တချို့ကလည်း ငွေကျပ် ၅၀ နဲ့ တစ်ကြောင်းတည်းသွားရတာ အဆင်ပြေတယ်၊ ကြိုက်တယ်ပေါ့။ တချို့ကလည်း မကြိုက်ဘူး။ လူတွေက အမျိုးမျိုးပဲလေ။ လူတွေရဲ့ စိတ်ကိုလိုက်ပြီး ညှိလို့ကတော့မလွယ်ဘူး။ ကျွန်မအကြံပြုချင်တာကတော့ ကားလမ်းတွေက ကျပ်နေတော့ ရထားမှန်ဖို့ပဲ ပြောချင်ပါတယ်။ နောက်ပြီး ရထားစီးခရီးသည်တွေအနေနဲ့လည်း စည်းကမ်းရှိဖို့ အကြံပြုချင်ပါတယ်။ တချို့လူတွေက စည်းကမ်းမရှိဘူး။ အမှိုက်တွေရထားတွဲပေါ် ချတယ်။ တချို့ဆို နေကြာစေ့တွေ၊ ငုံးဥတွေစားပြီး ထိုင်ခုံပေါ်မှာ ပစ်ချတယ်။ တစ်နေ့ကဆို အထုပ်တွဲထဲမှာ မစင်အညစ်အကြေးတွေ ပါထားကြတယ်။ ညစ်ပတ်နေတာပဲ။ နောက်ပြီး အမှန်တကယ်ဆို အထုပ်တွဲက ဈေးတက်ရောင်းခွင့်မရှိဘူး၊ ဒါကို တာဝန်ရှိသူတွေကလည်း အမုန်းခံပြီး မပြောတော့ဘူး။ ရထားပေါ်မှာ ဆေးလိပ်သောက်တာ၊ ခြေဆင်းထိုင်တာ၊ အိပ်လိုက်ကြတာကအစ စည်းကမ်းမဲ့လာလိုက်တာ၊ စည်းကမ်းဆိုတာ စာရွက်ပေါ်မှာပဲ ရေးထားတာရှိတော့တယ်။ လူတွေကမလိုက်နာကြဘူး။ အခုကတော့ လူတွေတစ်ဦးချင်းစီ စည်းကမ်းလိုက်နာကြဖို့ လိုတာပေါ့။

**ဒေါ်ညိုညိုမြင့်**
**နိုင်ငံ့ဝန်ထမ်း**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆ ရပ်ကွက်**

ကျွန်မက တိုးကြောင်လေးဘူတာကနေ ရန်ကုန်ဘူတာကြီးကို ရထားခငွေကျပ် ၁၀ ခေတ်ကတည်းက ပုံမှန်စီးတယ်။ အခုနောက်ပိုင်းအထုပ်တွဲတွေပါ ထည့်ပေးတော့ ပိုအဆင်ပြေတာပေါ့။ ဒါပေမယ့် အချို့မစီးနိုင်တဲ့ လူတွေက ရိုးရိုးတန်းတွဲကိုပဲ ပြုံတက်တော့ ရိုးရိုးတန်းကကျပ်ပြီး အထူးတန်းက ချောင်နေတယ်။ ဒါကြောင့် ရိုးရိုးတန်းတွဲကို ပိုပြီး ချိတ်ပေးစေချင်တယ်။ ခြုံပြီးပြောရရင် အခုနောက်ပိုင်း ရထားစီးရတာ ပိုအဆင်ပြေပါတယ်။ သန့်ရှင်းမှုရှိလာတယ်။ ထိုင်ခုံအသစ်တွေ လုပ်ပေးထားတော့ ကြမ်းပိုးမကိုက်တော့ဘူး၊ အရင်ကထက် ရထားချိန်မှန်လာတယ်။ ဒါကိုကြိုဆိုပါတယ်။ တချို့ခရီးသည်တွေကတော့ အမှိုက်ပုံးထားပေးထားပေမယ့် စားကြွင်းစားကျန်တွေကို ထိုင်ခုံအောက်ပစ်ချတယ်။ ကွမ်းတံတွေးတွေကို တွဲနံရံနဲ့တွဲကြားမှာ ထွေးနေကြတယ်။ ဒါကြောင့် ခရီးသည်တွေ စည်းကမ်းရှိဖို့လိုပါတယ်။ ။

# ကျန်းမာရေးအာမခံဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၂**

ကျန်းမာရေးအာမခံဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ရာ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်း၊ အတွင်းရေးမှူး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများမှ CEO များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ကျန်းမာရေးအာမခံဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ဆပ်ကော်မတီက တင်ပြသောစီမံချက်မူကြမ်းအပေါ် အပြီးသတ်သုံးသပ်ဆွေးနွေးပြီး ကျန်းမာရေးအာမခံတွင် အသုံးပြုမည့်ပေါ်လစီ၊ အဆိုလွှာ၊ နှုန်းထားများသတ်မှတ်ခဲ့ကြသည်။ အဆိုပါ ကျန်းမာရေးအာမခံစနစ်သည် လူလတ်တန်းစားမှအထက် အာမခံထားသူများအတွက် ပုဂ္ဂလိက အာမခံကုမ္ပဏီများ အပါအဝင် မြန်မာ့အာမခံလုပ်ငန်းက ရောင်းချမည့်စနစ်ဖြစ်ပြီး ဆေးရုံတက်စရိတ်၊ ခွဲစိတ်ကုသမှုစရိတ်၊ ဆေးဝါးကုန်ကျစရိတ်များအတွက် အကျယ်ပြန့်ဆုံး အကာအကွယ်ပေးမည်ဖြစ်ကြောင်းနှင့် အသက်သာဆုံး ပရီမီယံနှုန်းထားဖြင့် စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ရောင်းချဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အာမခံလုပ်ငန်း)**

■


**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)ရပ်ကွက်၊ ဥဇ္ဇနာ(၁၁)လမ်း၊ မြေကွက်အမှတ်(၁၃၉)၊ အကျယ်(၂၀ပေ×၆၀ပေ)နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း**

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကျွန်မ မနှင်းနုဝေ [၁၂/ဥကမ(နိုင်)၂၀၃၈၀၈]မှ (၂၉-၁၀-၂၀၁၄)ရက်နေ့ ကြေးမုံသတင်းစာ၌ ကန့်ကွက်ကြော်ငြာဖော်ပြခဲ့ပါသည်။ ယခုအခါ နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်ပြီးဖြစ်ပါသဖြင့် ယင်းကြေညာချက်အား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မနှင်းနုဝေ
[၁၂/ဥကမ(နိုင်)၂၀၃၈၀၈]



# လှည်းကူး၌ ရဲလုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းပွဲကျင်းပ

**လှည်းကူး နိုဝင်ဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှ လုပ်ငန်းစဉ်များဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့နယ်အတွင်းမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများသို့ ရှင်းလင်းတင်ပြခြင်းကို အောက်တိုဘာ ၃၀ ရက်က လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့စခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးယုနိုင်က နယ်မြေဒေသအတွင်း ပြစ်မှုကျူးလွန်သူများ ပြေး(၄)ပြေးများရောက်ရှိပါက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး၊ အမှုများ ဖော်ထုတ်ရာတွင် ပြည်သူများက သတင်းပေးပိုင်းဝန်းကူညီဆောင်ရွက်ရေး၊ ရပ်ကွက်၊ ကျေးရွာအတွင်း၌ အခက်အခဲများရှိပါက ပွင့်လင်းစွာတင်ပြရေးနှင့် ရဲလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲရာတွင် ပြည်သူကိုဗဟိုပြုဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**လှကြွယ်(လှည်းကူး)**



# လူငယ်တွေမှာ အားသာချက်တွေအများကြီးရှိပါတယ် အဲဒီအားသာချက်တွေကို ကောင်းကောင်းအသုံးချပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ အသုံးချစေချင်တယ်

တွေ့ဆုံမေးမြန်း
အောင်ကျော်ဦး
ဓာတ်ပုံ >> ဇာဏီ

**ခေတ်အဆက်ဆက်ပေါ်ထွန်းလာခဲ့ကြသည့် စာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်လာခဲ့ကြသည့်နည်းတူ ယနေ့ခေတ်တွင်လည်း ဘာသာရပ်အလိုက် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ရေးသားခဲ့ကြသည့် စာပေပညာရှင်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက ရွေးချယ်ချီးမြှင့်ခဲ့သည့် စာရေးဆရာကြီးများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**

### စာရေးဆရာကြီးနိုင်ဇော်
### (အမျိုးသားစာပေဆု)
### (သီလဝံသဘေး/သီရိဝစ္ဆစာပေ)

"စာပေဆုရတာ ဝမ်းသာပါတယ်။ ဆုရအောင်ရည်ရွယ်ပြီး ရေးခဲ့တာတော့မဟုတ်ပါဘူး။ ဒါပေမယ့် အကောင်းမွန်ဆုံးဖြစ်အောင် ရေးသားခဲ့ပါတယ်။ စာပေနဲ့ပတ်သက်လို့ ငယ်စဉ်ကတည်းက ဝါသနာပါလာခဲ့တာပါ။ ၁၉၇၄ ခုနှစ် ဆေးတက္ကသိုလ်စရောက်တယ်။ ၁၉၇၉ ခုနှစ် ဆေးတက္ကသိုလ်နှစ်လည် မဂ္ဂဇင်းမှာ ပုံနှိပ်ထားတဲ့ ကိုယ်ရေးတဲ့စာလေးတွေပါလာပါတယ်။ နောက်ပြင်ပမဂ္ဂဇင်းဖြစ်တဲ့ မိုးဝေမဂ္ဂဇင်းမှာ ဖိနပ်စီးမထားသူများစာအုပ်နဲ့ ၁၉၈၁ ခုနှစ် မတ်လမှာရေးသားခဲ့ပါတယ်။ အဲဒီမတိုင်ခင်ကတည်းက ဝတ္ထုတို၊ ရှည်၊ ကဗျာ၊ ဆောင်းပါးတွေရေးသားခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ ပထမဆုံး လုံးချင်းဝတ္ထု ထွက်ရှိခဲ့ပါတယ်။ အားလုံးပေါင်း ၃၄ အုပ်ထုတ်ဝေခဲ့ပြီးပါပြီ။ လူငယ်တွေမှာ ကျွန်တော်တို့ထက်အားသာချက်တွေ ရှိပါတယ်။ အဲဒီအားသာချက်တွေကို ကောင်းကောင်းအသုံးချပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ အသုံးချတတ်စေချင်ပါတယ်။ အချိန်က အဆုံးအဖြတ်ပေးမှာပါ။ စေတနာကိုသာ အရင်းခံထားလုပ်ပါ။ အဲဒီလိုဆိုရင် ဘဝဆိုတာ ကျေနပ်စရာကောင်းပါတယ်။

အခုဒီဆုရရှိတဲ့အတွက် နိုင်ငံတော်နဲ့အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့အပါအဝင် စာအုပ်မဖြစ်ခင် အခန်းဆက်ဝတ္ထုရှည်အဖြစ်ဖော်ပြပေးခဲ့ကြတဲ့ စာစောင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။

စာရေးဆရာနိုင်ဇော်(အမည်ရင်း ပါမောက္ခ ဒေါက်တာခင်ဇော်)ကို အဖဦးမြသောင်း၊ အမိဒေါ်မမကြီးတို့က ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြင်ဦးလွင်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဆေးတက္ကသိုလ်မန္တလေး)မှ M.B.,B.S ဘွဲ့နှင့် ၁၉၉၂ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁) (ရန်ကုန်)မှ D.P ဘွဲ့၊ ၁၉၉၅ ခုနှစ်တွင် တပ်မတော်ဆေးတက္ကသိုလ်၊ ရန်ကုန်မှ M.Med.Sc ဘွဲ့၊ ၂၀၀၃ ခုနှစ်တွင် ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ Ph.D ဘွဲ့များရရှိခဲ့ပြီး ဇနီးမှာ ပါမောက္ခဗိုလ်မှူးကြီး ဒေါ်ကေသီထွန်းဖြစ်သည်။

### စာရေးဆရာ တိမ်ဦး
### (အမျိုးသားစာပေဆု)
### ရွှေရတုဘာဘစ်ဆင်ရေးနှင့်သမိုင်းဝင် မြန်မာ-တရုတ်နယ်နိမိတ် သတ်မှတ်မှုကိုယ်တွေ့မှတ်တမ်း

"တစ်ချိန်မှာ သမိုင်းမှတ်တမ်းဖြစ်လာမယ်ဆိုတာသိလို့ ကြိုးစားရေးသားခဲ့ပါတယ်။ ခရီးကြမ်းတွေလည်း ထွက်ရပါတယ်။ ပထမခရီးစဉ်မှာ လိုအပ်တဲ့ ပစ္စည်းတွေယူပြီး Volunteer အနေနဲ့ လိုက်ပါခဲ့ပါတယ်။ ခရီးကကြမ်းသလို လမ်းကသွားရတာ ခက်ခဲပါတယ်။ အသွားတစ်လ အပြန်တစ်လနှစ်လကြာခဲ့ပါတယ်။ ဒေသန္တရဗဟုသုတရသလို ရှုခင်းပုံတွေလည်း တစ်ဝကြီး ခံစားရိုက်ကူးခဲ့ပါတယ်။ အဲဒီဟာပြီးတော့ ဒုတိယခရီးစဉ်စပါတယ်။ ကြူကုတ်၊ ပန်ဆိုင်းနဲ့ မူဆယ်ဘက်ကိုထွက်ပါတယ်။ လမ်းတစ်လျှောက် လယ်ကွင်းတွေထဲမှာ တရုတ်နဲ့ ကျွန်တော်တို့ မြေအငြင်းပွားတယ်။ သူတို့ကလည်း မြေလု၊ ကျွန်တော်တို့ကလည်းလုပါတယ်။ အဲဒီပထမခရီးစဉ်နဲ့ ဒုတိယခရီးစဉ်ပေါင်းလိုက်မှ စာအုပ်တစ်အုပ်ဖြစ်ခဲ့တာပါ။ နောက်မှတ်တမ်းကိုယ်တွေ့ကတော့ မြန်မာ-တရုတ်နယ်နိမိတ်နဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေ လေ့လာတယ်။ အဲဒီအပေါ်မူတည်ပြီး နှစ်နိုင်ငံခေါင်းဆောင်တွေက နယ်နိမိတ်နဲ့ပတ်သက်ပြီး အပြန်အလှန်ဆွေးနွေးတယ်။ တရုတ်ဘက်က ချူအင်လိုင်းနဲ့ မြန်မာဘက်က ဦးနု၊ ဦးဘဆွေနဲ့ ဗိုလ်ချုပ်ကြီးနေဝင်းတို့က ဦးဆောင်ခဲ့ပြီး နောက်ဆုံးမှာတော့ အောင်မြင်ခဲ့ပါတယ်။

ကြီးကြီးကျယ်ကျယ် ပြောတာမဟုတ်ဘူး။ နောက်ဆရာတို့ မရှိတော့ရင် မျိုးဆက်သစ်စာပေသမားတွေကို နိုင်ငံတကာကို ဝင်ဆံ့စေချင်တယ်။ ဝင်ဆံ့ကြပါလို့လည်း ပြောချင်တယ်။ စာပေအသိုက်အဝန်း နိုင်ငံတကာကို ဝင်ဆံ့စေချင်တာ ဆရာရဲ့စေတနာပါ။ အခုလို စာပေဆုရတဲ့အတွက် ကျေးဇူးတင်ရမယ့် ပုဂ္ဂိုလ်တွေရှိတယ်။ ပထမ ကိုဌေးအောင်၊ ရန်ကင်းစာရေးဆရာအသင်းက ဆရာတိုးတက်၊ နောက် ဦးတင်မောင်ဝင်းတို့ ဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်း(မ်)ဂျာနယ်အဖွဲ့၊ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌကြီးနဲ့တကွ အဖွဲ့သားများ၊ ဆုရွေးချယ်ရေးအဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။ ဆရာက ဒိုက်ဦး ကန်ဦး အထကမှာ ကျောင်းတက်ခဲ့ပါတယ်။ ရွှေရတုလုပ်ခဲ့တဲ့အဖွဲ့က မိတ်ဆွေတွေနဲ့ ပူးပေါင်းပြီးလုပ်ခဲ့တာ အခုဆိုရင်ဖောင်ဒေးရှင်းတည်ထောင်တဲ့အဆင့်ကို ရောက်နေပြီ ဖြစ်ပါတယ်။ ဒါလည်း ဝမ်းသာစရာဖြစ်ပါတယ်။

ဆရာကြီးတိမ်ဦးကို ကျောင်းဆရာကြီးဦးရွှေမြိုင်နှင့် ဒေါ်ကျော့မှုံတို့က ၁၉၃၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် မွေးဖွားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် မြေတိုင်းဦးစီးဌာန၏ မြေတိုင်းဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး (ဘာဘစ်ဆင်ရေး)၌ ရှေ့တန်း မြေတိုင်းတာဝန်များကို နယ်စပ်တွင် ထမ်းဆောင်ခဲ့သဖြင့် ၁၉၆၁ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

စာပေနယ်သို့ ၁၉၆၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေနှစ်လည် မဂ္ဂဇင်း၌ လှမြင့်အမည်ရင်းဖြင့် မြန်မာနိုင်ငံနှင့် တရားဥပဒေ ဆောင်းပါးဖြင့် စတင်ဝင်ရောက်ခဲ့ရာ အငြိမ်းစားယူပြီးနောက် ၁၉၈၃ ခုနှစ်တွင် မြေပုံနှင့်အခြေခံသဘော စာအုပ်ကို စာပေဗိမာန်မှထုတ်ဝေခဲ့သည်။ ယခုအခါ "ဘာဘစ်ဆင်ရေး" အမည်နှင့် ၂၀၁၀ ပြည့်နှစ် ထွန်းဖောင်ဒေးရှင်း စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့သည်။



စာရေးဆရာကြီးနိုင်ဇော်
(အမျိုးသားစာပေဆု)



စာရေးဆရာ တိမ်ဦး
(အမျိုးသားစာပေဆု)



ဆရာကြီး ဦးရဲဒွေး
(အမျိုးသားစာပေဆု)

### ဆရာကြီး ဦးရဲဒွေး
### (အမျိုးသားစာပေဆု)
### အင်္ဂလိပ်ဘာသာ(သုတ)

၁၉၆၅ ကနေ ၁၉၇၄ အထိ ရုပ်သေးတည်ထောင်ခဲ့ပြီး ထူးထူးခြားခြား တီထွင်ဆန်းသစ်နိုင်ခဲ့ပါတယ်။ နေရာဒေသ အစုံရောက်ခဲ့တယ်။ ၁၉၇၄ ခုနှစ်မှာ ရုပ်နားခဲ့ပြီး ၁၉၇၅ မှာ မြန်မာ-အင်္ဂလိပ်ဘာသာများနဲ့ သဘင်နဲ့ရုပ်သေးအကြောင်း ဆောင်းပါးရေးဖြစ်ခဲ့တယ်။ ၂၀၁၂ ခုနှစ်မှာ မြန်မာ့ရိုးရာသဘင်အနုပညာရပ်များ စာအုပ်နဲ့ ဆုရခဲ့တယ်။ ၂၀၁၁ မှာ စာပေဗိမာန် စာမူဆုကို Marionettes of Myanmar စာအုပ်နဲ့ ဆုရခဲ့တယ်။ အခုနှစ်ဆုရခဲ့တဲ့ စာအုပ်က ၂၀၁၃ ခုနှစ်မှာ Staries From the Myanmar Classical Theatre စာအုပ်နဲ့ဆုရရှိခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်လောက်မှာ စာစရေးပါတယ်။ အင်းဝခေတ်မှာ မြန်မာရုပ်သေးသဘင် စတင်ထွန်းကားလာတယ်လို့ လေ့လာသိရှိရပါတယ်။ ရာမနဲ့လက္ခဏ အီနောင်ဇာတ်လိုမျိုးကို တိုက်ရိုက်ပုံမကူးဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မြန်မာမှုပြုနိုင်ခဲ့တယ်။ နှစ်ပေါင်းများစွာ ရုပ်သေးတည်ထောင်ကပြခဲ့တဲ့ အတွေ့အကြုံတွေက အခုစာမူဆုရဖို့အတွက် အထောက်အကူပြုခဲ့ပါတယ်။ အခုလက်ရှိ Myanmar Dance and Drama စာအုပ်ရေးသားပြီးပါပြီ။ ထုတ်ဝေတော့မှာဖြစ်ပါတယ်။ ယခင်ဝန်ကြီးရဲ့ စကားကို သတိသွားရပါတယ်။ မြန်မာအကြောင်း ကမ္ဘာကသိအောင်၊ ကမ္ဘာအကြောင်း မြန်မာကသိအောင်ဆိုပြီး ပြောခဲ့တဲ့ စကားရဲ့ရည်ရွယ်ချက်နဲ့ ကြိုးစားအားထုတ်ခဲ့ပါတယ်။ ကိုယ့်နာမည်ရဖို့၊ နာမည်ကြီးဖို့ရည်ရွယ်ပြီး ရေးသားတာမျိုးမရှိပါဘူး။ စေတနာအလျောက်ဖြစ်လာတာပါ။ လူငယ်တွေကိုပြောချင်တာက မြန်မာ့စာပေနဲ့ အနုပညာတွေကို တစ်ဖက်ကလေ့လာပြီး ခေတ်ပေါ်ဂီတတွေကိုလည်း လေ့လာလိုက်စားပါ။ ကိုယ့်ယဉ်ကျေးမှုကိုလည်း မပျောက်ပျက်အောင် စောင့်ရှောက်ပါလို့ပြောချင်ပါတယ်။

ဆရာကြီး ဦးရဲဒွေးကို အတွင်းဝန်ဟောင်း ဦးဖိုးလတ်နှင့် ဒေါ်လှရွှေတို့က ၁၉၃၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၅၁ ခုနှစ်ခန့်တွင် ဆရာမြိုင်ထံမှ မြန်မာသီချင်းကြီးများကို စန္ဒရားဖြင့်လည်းကောင်း၊ ၁၉၆၅ တွင် ရုပ်သေး၊ လက်ထိုး၊ တုတ်ထိုးနှင့် ကြိုးဆွဲပညာတို့ကိုလည်းကောင်း သင်ကြားခဲ့သည်။ ယခုအခါ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် မြန်မာ့သဘင်များနှင့် ပတ်သက်သော စာအုပ်များကို ရေးသားပြုစုလျက်ရှိသည်။

# မြန်မာ့ဆေးကျမ်းများမှ ကုထုံးကုနည်းများဖြင့် အကျိုးဖြစ်ထွန်းမှုများ တွေ့ရှိ

၂၀၁၃ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရသူများအနက် သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ဘာသာရပ်တွင် 'မြန်မာတိုင်းရင်းဆေးပညာ ပဏ္ဏာမနိဒါန်း' စာမူဖြင့် ပထမဆုရ စာရေးဆရာကြီး ဒေါက်တာမောင်ဖြေ (ဝိသဇ္ဇက-ပဲခူး) ၏ ဆုရစာအုပ်အကြောင်းနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။

"ကျွန်တော် အသက် (၇၅) နှစ်ပြည့်ခဲ့ပါပြီ။ ယခုစာပေဆုဟာ ဒုတိယမြောက် စာမူဆုဖြစ်ပြီး ၂၀၁၁ ခုနှစ်က ယဉ်ကျေးမှုဘာသာရပ်ဖြင့် ပထမအကြိမ် စာမူဆုရရှိခဲ့ပါတယ်။ ကျွန်တော်ဆုရတဲ့ စာမူက တိုင်းရင်းဆေး နိဒါန်းမျှသာဖြစ်ပါတယ်။ အခန်း ၁၇ ခန်းဖြင့် ဖွဲ့စည်းပြီး တိုင်းရင်းဆေး နောက်ခံသမိုင်း ဒေသနာနယဆေးဘာသာ၊ ဘေသဇ္ဇနယ



ဒေါက်တာမောင်ဖြေ
(ဝိသဇ္ဇက-ပဲခူး)

ဆေးဘာသာနှင့် ဓာတ်ကြီး (၄၊ ၅) ပါးနှင့် အပူနာ၊ အအေးနာနှင့် နွေမှာဖြစ်တဲ့ရောဂါ၊ ဆောင်းမှာဖြစ်တဲ့ရောဂါ၊ မိုးမှာဖြစ်တဲ့ရောဂါနဲ့ ရောဂါအလိုက် သုံးစွဲတဲ့ဆေးများအကြောင်း တိုင်းရင်းဆေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များနဲ့ ရောဂါကြီးခြောက်မျိုးတို့ကို ပြုစုထားပါတယ်။

"မြန်မာ့ဆေးပညာဟာ နယကြီးလေးပါးဖြင့် တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ပညာကြီးလေးရပ်ဖြစ်ပါတယ်။ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဓရနယဆိုတဲ့ နယကြီးများနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ ဆေးပညာဖြစ်ပါတယ်။ လူသားတို့အတွက် အပူ၊ အအေးကို အကြောင်းခံပြီး ပဋ္ဌာဘုတ်ဓာတ်ဖြစ်ပေါ်ခြင်းများ၊ ကျွန်တော်ပြုစုတဲ့ ကျမ်းနဲ့ မြတ်စွာဘုရား ဟောကြားတဲ့အတိုင်း ဒေသနာနကိုအခြေခံပြီး နိဒါန်းသဘောမျှ ဖွင့်ဆိုရေးသားပြုစုထားခြင်းဖြစ်ပါတယ်။

"ရှေးရှေးက မြန်မာ့ဆေးသမားတော်ကြီးများက ဒေသနာနယဆေးပညာ၏ အခြေခံအကြောင်းတရားကို ဖော်ထုတ်ပြီး အပူနာလက္ခဏာသုံးမျိုးနှင့် အအေးနာလက္ခဏာသုံးမျိုးကို အနှစ်ထုတ်ကာ ရောဂါခြောက်မျိုးကိုသတ်မှတ်ပြီး ဆေးပေးကုသတဲ့စနစ်တီထွင် ဖော်ထုတ်ခဲ့တာကိုလည်း ဖော်ပြထားပါတယ်။

အာကာသနှင့်တကွ အဘိဓမ္မာဒေသနာတော်လာ ဓာတ်လေးပါး၊ ငါးပါးတို့ကို အခြေခံကြံစည်ပြီး မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာမှ စီးဆင်းသောရေဟာ ပင်လယ်သမုဒ္ဒရာထဲသို့သာ စီးဝင်မြဲဖြစ်သကဲ့သို့ အပူကြောင့်ဖြစ်တဲ့ရောဂါ၊ အအေးကြောင့်ဖြစ်တဲ့ ရောဂါ ဒီနှစ်မျိုးဖြင့်သာလျှင် ရောဂါမှန်သမျှ ကျရောက်ခြင်းဖြစ်တယ်လို့ လိုရင်းကို ဖော်ထုတ်ထားပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရလိုအပ်သော သမုဋ္ဌာန်လေးပါးကို အခြေခံထားတဲ့အတွက် ရောဂါအားလုံးရဲ့ဖြစ်စဉ်နဲ့ ခြိုင့်မိပြီး ခေတ်နှင့်အညီ တင်ပြထားပါတယ်။

"ဒီကျမ်းငယ်ဟာ ဆေးပညာလောကအတွက် လိုအပ်နေသည့် ကွက်လပ်တစ်ခုလို ဖြည့်စွမ်းပေးသည်ဟု မှတ်ယူမိပါတယ်။ ဆေးပညာလိုက်စားသူများ၊ သမားတော်များ လက်မလွှတ်တမ်း ဖတ်ရှုလေ့လာသင့်ရုံမျှမက အိမ်တိုင်း၊ စာကြည့်တိုက်တိုင်း၊ တက္ကသိုလ်တိုင်း၌ ကိုးကားကျမ်းစာအုပ်အဖြစ် ထားရှိသင့်တာလို့ ဆိုပါတယ်။

ချမ်းသာသုခ အစစ်အမှန်တို့ကို စွယ်စုံဉာဏ် ရှင်းလင်းမြင်အောင် ကျန်းမာခြင်းအပေါင်း လိုရာပြည့်စုံနိုင်ကြစေရန် ရည်ရွယ်ပြီးတော့ ကျမ်းအစောင်စောင်တို့မှ ထုတ်နုတ်ပြီး ဒီကျမ်းကိုပြုစုခဲ့ခြင်းဖြစ်ပါတယ်"ဟု ကျန်းမာရေးအတွက် တိုင်းရင်းဆေး၏ အထောက်အကူပြုမှုကိုလည်း ပြောပြပေးခဲ့သည်။

**(ကြေးမုံ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# အနောက်ရိုးမပေါ်၌ ယိုဖိတ်နေသော နိုင်ငံပိုင်သယံဇာတများ



**ပြည် နိုဝင်ဘာ ၂**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် တရားမဝင်သစ်တောထွက်ပစ္စည်းများလျော့နည်းပပျောက်စေရေး အသိပညာပေးနေသော်လည်း ဝိသမလောဘသားများက နိုင်ငံပိုင်သစ်များအား တရားမဝင်ခုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ခွဲစိတ်ဖြတ်တောက်ခြင်းများကြောင့် သစ်တောပြုန်းတီးမှုများဖြစ်ပေါ်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ တစ်နေ့တခြားဖြစ်ပေါ်လျက်ရှိသည်။

မည်သည့် သစ်အမျိုးအစားကိုမဆို တရားမဝင်လုပ်ဆောင်ပါက ဥပဒေအရအရေးယူဆောင်ရွက်ရမည်မှာ သက်ဆိုင်ရာ၏ တာဝန်ဖြစ်ရာ အောက်တိုဘာ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် မိုင်တိုင်အမှတ် ၄၄ မိုင် ၂ ဖာလုံရှိ ဆိတ်ဖူးတောင်တောအတွင်း၌ စံကားဝါ ခိုးသစ်စကွဲယား ၄၂ တုံး တွေ့ရှိကြောင်း ဒေသခံများထံမှ သတင်းရရှိခဲ့သည်။

ယင်းသတင်းကို အတည်ပြုချက်ရရှိနိုင်ရန်အတွက် ၂၀၀၂ ခုနှစ်က ပန်းတောင်းမြို့နယ်အတွင်း နိုင်ငံတော်၏ အဖိုးတန်ကျွန်းသစ် တန် ၁၀၀ ရာကျော် ခိုးထုတ်မှု အန္တရာယ်ကို သတင်းပေးဖော်ထုတ် ကာကွယ်ပေးခဲ့ကြသဖြင့် မှုခင်း(အထူး) သတင်းထောက်ဆု ရရှိခဲ့ကြသော သတင်းထောက် လေးဦးတို့က အနောက်ရိုးမရှိ ဆိတ်ဖူးတောင်သို့ အောက်တိုဘာ ၂၆ ရက်က ဆိုင်ကယ်များဖြင့် သွားရောက်ခဲ့ကြပြီး တရားမဝင်သစ်များ အမှန်တကယ်ရှိ၊ မရှိ ရှာဖွေကြည့်ရာ ဆိတ်ဖူးတောင်အောက် သစ်ဆွဲလမ်း၏ အရှေ့ဘက် တောထဲ၌ သစ်ဆွဲကျွဲများနှင့် စံကားဝါသစ်များဝှက်ထားသည်ကို တွေ့မြင်ကြရသဖြင့် သတင်းမှန်ကန်မှုရှိကြောင်း ဓာတ်ပုံမှတ်တမ်းရယူခဲ့ကြသည်။

ထို့နောက် ဆိတ်ဖူးတောင်မှ ပြည်-တောင်ကုတ်ကားလမ်းပေါ်သို့ ပြန်လည်ထွက်ခွာလာရာ မိုင်တိုင်အမှတ် ၄၄ မိုင် ၂ ဖာလုံအနီး ကိုက် ၂၀၀ ခန့်အကွာ တောင်ကြောကွေ့ကားလမ်းပေါ်တွင် သစ်တောဖမ်းဆီးတံဆိပ်မပါသည့် စကွဲယားသစ်များ တင်ဆောင်ထားသော သစ်ကားတစ်စီးအား တွေ့ရှိရသဖြင့် မှတ်တမ်းဓာတ်ပုံ ရယူခဲ့သည်။ ယင်းကားပေါ်ရှိ သစ်များမှာ တရားမဝင် ခိုးသစ်များဖြစ်ကြောင်းနှင့် ပြည်ဘက်ရှိ သစ်စက်များသို့ ညအချိန်ပို့မည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။ **(အပေါ်ယာပုံ)** နိုင်ငံတော်ဘဏ္ဍာငွေသည် နိုင်ငံတော်၏ သယံဇာတများ အလေအလွင့်နည်းပါးပြီး အခွန်အခရရှိမှသာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အထောက်အကူရရှိနိုင်မည်ဖြစ်၍ သယ်ယူထုတ်လုပ်ရောင်းဝယ်ရာတွင် တရားဝင်ဖြစ်စေရေးနှင့် ဝိသမလောဘသားများ၏ တရားမဝင် လုပ်ရပ်များအား သက်ဆိုင်ရာမှ ဥပဒေနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် တာဝန်ရှိ (အထူးသတင်းထောက်အဖွဲ့)က တိုင်းကျိုးပြည်ပြုသတင်းအဖြစ် သတင်းဓာတ်ပုံနှင့်တကွ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ **အထောက်တော်အဖွဲ့(ပြည်)**

# ရန်ကုန်-ပုသိမ်ကားလမ်းပေါ်ရှိ ပန်းတိုင်ကျေးရွာအနီး၌ တံတားငယ်မြေကျွံကျမှုဖြစ်ပွား


**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်-ပုသိမ် ကားလမ်းပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး နယ်စပ် ပန်းတိုင်ကျေးရွာအနီးရှိ တံတားငယ်တွင် နိုဝင်ဘာ ၁ ရက် ည ၈ နာရီခန့်တွင် မြေကျွံကျမှုဖြစ်ပွားရာ ယာဉ်အသွားအလာရပ်ဆိုင်းခဲ့ကြောင်း၊ သက်ဆိုင်ရာမှ ယာယီလမ်းလွှဲပြုလုပ်ပေးမှုကြောင့် နိုဝင်ဘာ ၂ ရက် နံနက် ၁၁ နာရီခန့်တွင် ယာဉ်များဖြတ်သန်းသွားလာ၍ ရကြောင်း အဆိုပါကားလမ်းပေါ်တွင် ညအိပ်စောင့်ဆိုင်းခဲ့ရသော ၁၂ ဘီးယာဉ်မောင်းကိုမောင်ထွေးကဆိုသည်။

မိုင်တိုင်အမှတ် (၁၇) အနီးရှိ ယင်းတံတားငယ်၏ ရန်ကုန်ဘက်မှအလာ တံတားငယ်အစပ်တွင် ယင်းနေ့ညပိုင်းတွင် မြေကျွံကျမှုဖြစ်ပွားရာ ခဲများဖို့ပြီး ယာဉ်များဖြတ်သန်းနေရကြောင်း၊ ဝန်အလေးကြောင့် မြေကျွံမှုတဖြည်းဖြည်း ကျယ်ပြန့်လာရာ ရန်ကုန်မှ မောင်းနှင်လာသော ၁၂ ဘီး ကုန်တင်ယာဉ် 6H/--- သည် အရဲစွန့်ဖြတ်သန်းမောင်းခဲ့သည်မှာ နောက်ဆုံးဖြစ်ကြောင်း အဆိုပါယာဉ်မောင်းဖြစ်သူ ကိုဇော်က ဆိုသည်။

အခြားယာဉ်များမှာ ဖြတ်ကျော်၍ မရသဖြင့် တံတားငယ်၏တစ်ဖက်တစ်ချက်တွင် တန်းစီညအိပ်စောင့်ဆိုင်းနေရကြောင်း၊ တံတားငယ်၏ သတင်းကြောင့် ရန်ကုန်မှလာသော ယာဉ်များလှိုင်သာယာတိုးဂိတ်တွင် တန်းစီညအိပ်စောင့်ဆိုင်းပြီး နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် မောင်းနှင် ထွက်ခွာသွားကြောင်း၊ နံနက်ပိုင်းတွင် ခရီးသည်များ ယင်းတံတားငယ်တွင် ကားပြောင်းသွားလာကြကြောင်း၊ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ယာဉ်အသွားအလာပုံမှန်ဖြစ်သွားကြောင်း၊ လှိုင်သာယာတိုးဂိတ်အနီးရှိ အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း၏ ၇ မိုင် ၁ ဖာလုံစခန်းမှ ကုန်စည်ပို့ဆောင်ရေးအချက်အလက်ရယူနေသော ဝန်ထမ်းတစ်ဦးကဆိုသည်။

**(မောင်စေအောင်)**




# ရတနာဆိုင်မှ စိန်နားကပ်တစ်ရံခိုးယူသူ နိုင်ငံခြားသား နှစ်ဦးအား မိဘပြည်သူများ တွေ့ရှိပါက ရဲတပ်ဖွဲ့သို့ အမြန်ဆုံးသတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ မနှင်းအိခိုင်သည် အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းရှိ Diamond & Me ရတနာဆိုင်၌ ရှိနေစဉ် နိုင်ငံခြားသားနှစ်ဦးရောက်ရှိလာပြီး ငွေကျပ် သိန်း ၁၉၀ တန်ဖိုးရှိ စိန်နားကပ်တစ်ရံအားလေး၊ ငါးကြိမ်ခန့်တောင်းယူကြည့်ရှုကာ ရတနာဘူးအတွင်း ပြန်ထည့်ပေးပြီး မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်တွင် ဆိုင်မှ ပြန်ထွက်သွားခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရတနာဘူးအား ကြည့်ရှုစစ်ဆေးရာ စိန်နားကပ်မှာ ပျောက်ဆုံးနေသဖြင့် နိုင်ငံခြားသားနှစ်ဦးအား အရေးယူပေးရန် တိုင်ကြားချက်အရ လမ်းမတော်မြို့မရဲစခန်းက (ပ)၂၃၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့မှ အခင်းဖြစ်ဆိုင်ရှိ CCTV မှတ်တမ်းမှ ပြစ်မှုကျူးလွန်သူနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံအား ထုတ်ယူရရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရဲစခန်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အဝေးပြေးကားဂိတ်များသို့ ဖြန့်ဝေထားရှိကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သူနှစ်ဦးကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် မိဘပြည်သူများအနေဖြင့်လည်း ၎င်းတို့နှင့်ပတ်သက်သည့် သတင်းများရရှိပါက ကွပ်ကဲမှုခန်းမ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၂၃၀၀၇၄၇၊ ရဲမှူး-ဦးစီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၉-၅၂၄၀၁၂၂၊ ဒုရဲမှူး-မှုခင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၉-၈၆၀၂၃၆၃၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၃၇၆၁၆၆၊ လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၂၂၄၆၄၂နှင့် လမ်းမတော်မြို့မရဲစခန်း ဖုန်း-၀၁-၂၂၄၅၂၈ တို့သို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရသိရသည်။ **စိုးဝင်း-MLA**








# နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများပေါ်ထွန်းလာမည့် မြောက်ဒဂုံမသန်စွမ်းသူများအားကစားလေ့ကျင့်ရေးစခန်း

သတင်း – သီသီမင်း
ဓာတ်ပုံ – ခင်မောင်ဝင်း(ကြေးမုံ)

နိုင်ငံတော်မှ ထူးချွန်မသန်စွမ်းအားကစားသမားများ အမြောက်အမြား ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အားကစားဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၉)ရပ်ကွက် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။



ထိုင်လျက်ဘတ်စကက်ဘော မသန်စွမ်းအားကစားသမားများ လေ့ကျင့်နေသည်ကို တွေ့ရစဉ်။

အဆိုပါ မသန်စွမ်းသူများအားကစားလေ့ကျင့်ရေးစခန်းတွင် မသန်စွမ်း အားကစားသမားများ နေထိုင်ရန်အတွက် လူနေဆောင်များ၊ အားကစား လေ့ကျင့်ရန်အတွက် အားကစားရုံ၊ ရေကူးကန်၊ မြားပစ်ကွင်း၊ ဘောလုံးကွင်းနှင့် ပြေးခုန်ပစ်ကစားနိုင်ရန် လေ့ကျင့်ရေးကွင်း ဆောက်လုပ်ပေးထားပြီး စားသောက်ရေးအတွက်လည်း အခမဲ့စီစဉ်ပေးထားကြောင်း သိရသည်။

ယခင်က မသန်စွမ်းအားကစားသမားများအတွက် အားကစားလေ့ကျင့်မှုများ ပြုလုပ်ရာတွင် အောင်ဆန်းကွင်း၊ သုဝဏ္ဏကွင်းတို့ရှိ အားကစားရုံများကို အသုံးပြုရပြီး သီးခြားလေ့ကျင့်ရန် နေရာအခက်အခဲရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် ဩဂုတ်လမှစတင်၍ မြောက်ဒဂုံ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ မသန်စွမ်း ထူးချွန်အားကစားသမား ၁၀၀ ကျော် အားကစားလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း သိရသည်။

ဤကဲ့သို့ သီးခြားမသန်စွမ်းအားကစားလေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်ခွင့်ရရှိခဲ့သည့် အတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် နေပြည်တော်၌ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၃၄ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၃၆ ခုအထိ ဆွတ်ခူးရရှိခဲ့ကြောင်းကို မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးပီတာက “ဒီကွင်းက ဖွင့်ပွဲတော့မလုပ်ရသေးပါဘူး။ ဒါပေမယ့် လေ့ကျင့်သင်ကြားပေးမှုတွေလုပ်နေပါတယ်။အားကစားသမားတွေ တစုတစည်းတည်း လေ့ကျင့်လို့ရအောင် နောက်ပြီး အားကစားအဆင့်အတန်းလည်း တိုးတက်မြင့်မားလာဖို့ ဒီလိုအားကစားရုံတွေ၊ လေ့ကျင့်ရေးစခန်းတွေရှိဖို့လိုလာပြီ။ ဒါ့ကြောင့် အားကစားဝန်ကြီးဌာနကို တင်ပြပြီး ဆောင်ရွက်ခဲ့တာ၊ အဲသလို လုပ်လိုက်တော့ အခုပြိုင်ခဲ့တဲ့ အာဆီယံပြိုင်ပွဲမှာ ဆုတံဆိပ်တွေ တိုးလာခဲ့တယ်” ဟု ပြောသည်။

စခန်းသွင်း လေ့ကျင့်ပေးရန် သင်တန်းသားများကိုရွေးချယ်ရာတွင် ထူးချွန်အားကစားသမားများကို အဓိကထားရွေးချယ်ပြီး ဆေးအဆင့်ခွဲခြား၍ ရွေးချယ်ကြောင်း၊ မသန်စွမ်းအသင်းများက အကြောင်းကြားလာသည့် သင်တန်းသားများကိုလည်း လက်ခံလေ့ကျင့်သင်ကြားပေးသည့်အပြင် ကိုယ်တိုင်လာလျှောက်သည့် သင်တန်းသားများကိုလည်း လက်ခံလေ့ကျင့်ပေးကြောင်းနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ အတွေ့အကြုံရင့် ဝါရင့်နည်းပြများဖြင့် လေ့ကျင့်သင်ကြားပေးနေကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် စင်ကာပူဆီးဂိမ်းတွင် မသန်စွမ်းအားကစားနည်း ၁၅ မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နေကြောင်းကို “၂၀၁၅ မှာ လုပ်မယ့်ပွဲအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်မှုတွေ လုပ်နေပါတယ်။ အခုလောလောဆယ် ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ မြားပစ်၊ စားပွဲတင်တင်းနစ်၊ ၇ ယောက်တစ်ဖက် ဘောလုံးစသဖြင့် လေ့ကျင့်ပေးနေပါတယ်” ဟု ဦးပီတာက ပြောသည်။

မြောက်ဒဂုံ မသန်စွမ်းလေ့ကျင့်ရေးစခန်းတွင် လာရောက်လေ့ကျင့်နေသည့် ၂၀၁၁ ခုနှစ် ပြည်တွင်းမသန်စွမ်းအားကစားပြိုင်ပွဲတွင် သံလုံးပစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ ၂၀၁၂ ခုနှစ် ပြည်တွင်း မသန်စွမ်းအားကစားပြိုင်ပွဲတွင် လှံတံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ ဝှီးချဲမီတာ ၂၀၀တွင် ရွှေတံဆိပ်ဆုနှင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအား ကစားပြိုင်ပွဲတွင် ဝှီးချဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့သည့် မောင်အောင်ကိုဦးက “ကျွန်တော်ကနိုင်ငံကိုယ်စားပြုအနေနဲ့ စင်ကာပူဆီးဂိမ်းမှာ အကောင်းဆုံးယှဉ်ပြိုင်မှာပါ။ ဆုတံဆိပ်တွေ မရရအောင် ကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်သွားပါမယ်” ဟု ပြောသည်။

မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများသည် ပြည်ပအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အာရှနိုင်ငံများ၌ နိုင်ငံအဆင့် ၂၂ တွင်ရှိပြီး အရှေ့တောင်အာရှတွင် အဆင့် ၅ နေရာရှိကာ နိုင်ငံ့ဂုဏ်ကို ဆောင်နေကြသူများဖြစ်သည်။အထူးသဖြင့် ပြေးခုန်ပစ်နှင့် ရေကူးပြိုင်ပွဲများတွင် အများဆုံးအနိုင်ရရှိကြောင်း သိရသည်။

ကိုရီးယားနိုင်ငံ (အင်ချွမ်မြို့)၌ ပြီးခဲ့သည့် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ဒုတိယအကြိမ်မြောက် ကျင်းပခဲ့သည့် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးငါးခုဆွတ်ခူးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်နှင့် အားကစားဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှု မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှနေ၍ ထူးချွန် မသန်စွမ်းအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းကို တည်ဆောက်ခဲ့ရာ ပြည်တွင်း ပြည်ပ ပြိုင်ပွဲများတွင် မသန်စွမ်းအားကစားသမားများ ယခင်ကထက် ပိုမိုဝင်ရောက်ယှဉ်ပြိုင်လာခဲ့ခြင်းဖြင့် ဆုတံဆိပ်များလည်း ပိုမိုရရှိလာမည်ဖြစ်သည်။

## ဘာစီလိုနာအသင်းမှာ ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်း ဆွာရတ်ဇ်ပြောကြား

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နှစ်ပွဲရှုံးနိမ့်ထားခဲ့သော်လည်း ကမ္ဘာ့အကောင်းဆုံးအသင်းတစ်သင်းအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်း ဘာစီလိုနာတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်က ပြောကြားခဲ့သည်။

လူးဝစ်ဟင်နရီကေး၏ ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် သီတင်းပတ်က ရီးယဲလ်မက်ဒရစ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခြင်း၊ စနေနေ့က ကစားခဲ့သည့် ဆယ်လ်တာဗီဂိုအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းတို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် လက်ရှိချန်ပီယံ အက်သလက်တီကို မက်ဒရစ်အသင်းတို့၏နောက် အမှတ်ပေးဇယား တတိယနေရာသို့ ဆင်းပေးခဲ့ရသည်။

တိုက်စစ်မှူး ဆွာရတ်ဇ်သည် ရီးယဲလ်မက်ဒရစ်နှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်နှင့် လာလီဂါပွဲစဉ်အဖြစ် ဆယ်လ်တာဗီဂိုအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တို့တွင် ဘာစီလိုနာအသင်းနှင့်အတူ စတင်ပွဲထွက်ကစားခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်များတွင် ရှုံးပွဲများကြုံခဲ့ခြင်းကြောင့် စိုးရိမ်ပူပန်မှုများ ခံစားနေရသူဖြစ်သည်။ သို့ရာတွင် တိုက်စစ်မှူး ဆွာရတ်ဇ်အနေဖြင့် ဘာစီလိုနာအသင်းသည် ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းတစ်သင်းအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။




## စတီဗင်ဂျာရတ် လီဗာပူး၌ ဆက်ရှိရန် ရော့ဂျာဆန္ဒရှိနေ

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျာရတ်သည် စာချုပ်သစ်ထပ်တိုးချုပ်ဆိုခြင်း မရှိခဲ့ပါက အမ်ဖီးလ်ကို စွန့်ခွာမည်ဆိုသည့် သတင်းများထွက်ပေါ်လာပြီးနောက် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက စတီဗင်ဂျာရတ်အား လီဗာပူးအသင်း၌ ဆက်ရှိနေရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။


အသက်(၃၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် လက်ရှိစာချုပ်သက်တမ်းကုန်ပါက ကစားသမားဘဝမှ အနားယူမည်မဟုတ်ဘဲ လီဗာပူးအသင်းက စာချုပ်သစ်မချုပ်ဆိုပါက အခြားအသင်းသို့ ပြောင်းရွှေ့ကစားဦးမည်ဟု ယခုသီတင်းပတ်အတွင်း ပြောကြားခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာအနေဖြင့် အသင်းခေါင်းဆောင်စတီဗင်ဂျာရတ်အား စာချုပ်သစ်ချုပ်ဆိုရန် အသင်းပိုင်ရှင်အား သတင်းပေးပို့ရန် နှောင့်နှေးခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့ပြီး ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်အား လီဗာပူးအသင်း၌ ဆက်ကစားစေလိုကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ငွေကြယ်








သင့်သွေးဖြင့် အသက်ကယ်ပါ














# ထိုင်းဘတ်ငွေ တစ်ထောင်တန်အတု ကိုင်ဆောင်သုံးစွဲသူများကို ဖော်ထုတ်ဖမ်းဆီး

**တာချီလိတ်၊ နိုဝင်ဘာ ၂**

တာချီလိတ်မြို့ရှိ စားသောက်ဆိုင်တစ်ခု၌ ထိုင်းဘတ်ငွေအတု တစ်ထောင်တန် ကိုင်ဆောင်သုံးစွဲသူများကို နိုဝင်ဘာ ၁ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် ည ၁၁ နာရီ မိနစ် ၅၀က ခင်မောင်စိုး(ခ)ဘားကို ၄၀ နှစ်နှင့် သန့်ဇင်ဦး(ခ)ဘာရီကတ် ၂၉ နှစ်တို့ နှစ်ဦးသည် တာချီလိတ်မြို့ မဟာဟိုခမ်းရပ်ကွက်ရှိ ကာရာအိုကေဆိုင်၌ သောက်စားပြီးနောက် ထိုင်းဘတ်ငွေတစ်ထောင်တန်နှစ်ရွက်ကို ငွေရှင်းရန် ပေးလိုက်စဉ် ထိုင်းဘတ်တစ်ထောင်တန်အား မသင်္ကာ၍ ဆိုင်ပိုင်ရှင်က မဟာဟိုခမ်းရပ်ကွက် ပြည်သူ့စစ် ဦးငွေသူထံ ဖုန်းဖြင့်ဆက်သွယ်၍ အကူအညီတောင်းခဲ့သည်။

ဦးငွေသူမှ အကြောင်းကြားချက်အရ တာချီလိတ်မြို့မရဲစခန်းမှ ရဲအုပ်ဝင်ဌေးစိုး၊ နယ်ထိန်းတပ်ကြပ်ကြီး ကျော်စွာအောင်၊ တပ်ကြပ်ကြီး မျိုးနိုင်ဝင်းတို့ရောက်ရှိပြီး ခင်မောင်စိုး(ခ)ဘားကို၊ သန့်ဇင်ဦး(ခ) ဘာရီကတ်တို့ကိုစစ်ဆေးရာ ဆိုင်ရှင်ကို ငွေရှင်းထားသည့် ထိုင်းဘတ်ငွေအတု တစ်ထောင်တန်နှစ်ရွက်နှင့် ယင်းတို့နှစ်ဦးထံမှ ထိုင်းဘတ်ငွေအတုသုံးရွက် စုစုပေါင်းငါးရွက်တွေ့ရှိခဲ့သည်။

အဆိုပါ ဘတ်ငွေအတုနှင့်ပတ်သက်၍ ယင်းတို့အားမေးမြန်းရာ ပုန်းထွန်ရပ်ကွက်နေ မျိုးလွင်(ခ)ဘက်ဂဲလ်မှ ပေးကြောင်း သိရှိရသဖြင့် မျိုးလွင်အား သွားရောက်ဖမ်းဆီးပြီး ထိုင်းဘတ်ငွေအတုများကို အစစ်အမှန်အနေဖြင့်သုံးစွဲရန် လက်ဝယ်ထားရှိသူသုံးဦးအား တာချီလိတ်မြို့မရဲစခန်းက (ပ)၂၂၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၈၉-ခ/ဂဖြင့် အမှုဖြင့် အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

ဆက်လက်၍ အဆိုပါသုံးဦးအားစစ်ဆေးဖော်ထုတ်ရာ အဆိုပါထိုင်းငွေအတုများအား ပုန်းထွန်ရပ်ကွက် နန္ဒဝန်ဟိုတယ်တွင် တည်းခိုနေသူ ဒေါ်ဘီ(ခ)ဆိုင်လာ (၅၀) နှစ်ထံမှ ရရှိခြင်းဖြစ်ကြောင်းထွက်ဆိုခဲ့သောကြောင့် အမှုစစ် ဒုရဲအုပ်ကိုကိုဦးက သက်သေများနှင့် အတူ နိုဝင်ဘာ ၁ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ဟိုတယ်၌ ဒေါ်ဘီအား ဆက်လက်ရှာဖွေစစ်ဆေးရာ ထိုင်းငွေစက္ကူအတုတစ်ထောင်တန် ၂၄၅ ရွက်ကိုထပ်မံသိမ်းဆည်းရမိသည်။

အဆိုပါ ဘတ်ငွေများသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ စလာဘူရီရာရွာနေ ထိုင်းနိုင်ငံသား ဖီးအိတ်ထံမှ ငွေတစ်ထောင်လျှင် ထိုင်းဘတ်ငွေအစစ် ၃၀ ဘတ်နှုန်းဖြင့် လဲလှယ်ခဲ့ပြီး ယင်းအနေဖြင့်တစ်ထောင်လျှင် ၃၀၀ ဘတ်နှုန်းဖြင့် ပြန်လည်၍ရောင်းချခဲ့ကြောင်း၊ ယခုသိမ်းဆည်းရမိသည့်ထိုင်းဘတ်ငွေတစ်ထောင်တန်အတု ၂၅၀ အပြင် တစ်ထောင်တန်အတု ၉၂ ရွက်အားသုံးစွဲထားပြီးဖြစ်ကြောင်း၊ ဖမ်းဆီးရမိသူ ဒေါ်ဘီ၏ ထွက်ဆိုချက်အရ သက်ဆိုင်ရာမှ လိုက်လံသိမ်းဆည်းနေပြီး ငွေစက္ကူအတုအား လက်ခံရရှိပါက တာချီလိတ်မြို့မရဲစခန်းသို့ အပ်နှံရန် တာချီလိတ်ရဲစခန်းမှ တိုက်တွန်းနှိုးဆော်ထားသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# ကွန်တိန်နာယာဉ် ဘရိတ်ပေါက်၍ လမ်းဘေးဓာတ်တိုင်၊ အငှားယာဉ်နှင့် ဆိုင်ခန်းများ ဝင်တိုက်



**ရန်ကုန်၊ နိုဝင်ဘာ ၂**

အောက်တိုဘာ ၃၁ ရက် ည ၇ နာရီ ၄၀ မိနစ်က အင်းစိန်မြို့နယ် မြို့သစ် (က+ခ) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး မရမ်းကုန်းဘက်မှ ပေါက်တောဝဘက်သို့ မောင်းနှင်လာသော ကွန်တိန်နာယာဉ်တစ်စီး ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ဘုရင့်နောင်လမ်းမကြီး ခ/၆ လမ်းထိပ်ရှိ ဓာတ်တိုင်၊ အငှားယာဉ်၊ ကွမ်းယာဆိုင်နှင့် ကားပြုပြင်ရေးဆိုင်များကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မရမ်းကုန်းဘက်မှ ပေါက်တောဝသို့ ယာဉ်မောင်း နေဝင်းအောင် မောင်းနှင်လာသော ကွန်တိန်နာယာဉ် ၁၀ ဘီးကားသည် အဖြူရောင်တက္ကစီအငှားယာဉ်နှင့် ခ/၆ လမ်းထိပ်ရှိ ဓာတ်တိုင်၊ ကွမ်းယာဆိုင်၊ ကားပြုပြင်ရေးဆိုင်တို့အား ဝင်ရောက်တိုက်မိခဲ့သည်။

ယင်းယာဉ်တိုက်မှုကြောင့် အငှားယာဉ်နှင့် ဆိုင်များပျက်စီးဆုံးရှုံးခဲ့ပြီး ဓာတ်တိုင်ရှိဓာတ်ကြိုးများလမ်းမပေါ်သို့ပြုတ်ကျကာ ဓာတ်တိုင်မှာ တစ်ဖက်သို့ယိုင်လဲခဲ့ပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူအား အင်းစိန်မြို့နယ် ယာဉ်မှုစစ်အဖွဲ့မှ ပ/၁၃၄/၂၀၁၄၊ ပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားပြီး မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးအေးကျော်နှင့် အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရန် လျှပ်စစ်မီးများ ခေတ္တဖြတ်တောက်ထားခဲ့ရကြောင်း သိရသည်။ **(၆၈၄)**

# အင်းလျားကန်အတွင်းပစ်ချ ဘီယာပုလင်းခွံ လိုက်လံဆယ်ယူခဲ့သူအား သေဆုံးလျက်တွေ့ရှိ

**ရန်ကုန်၊ နိုဝင်ဘာ ၂**

ကိုဝင်းကိုနိုင်၊ ကိုဟိန်းမင်းထွန်းနှင့် ကိုကောင်းထက်စံ၊ ကိုရဲရင့်အောင်၊ ကိုအငယ်လေး(ခ)မှုတ်ကြီးတို့သည် အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီခွဲက မရမ်းကုန်းမြို့နယ်ရှိ အင်းလျားကန်ပေါင်တွင် အရက်သောက်စားမူးယစ်ပြီး လမ်းလျှောက်နေစဉ် အငယ်လေး(ခ)မှုတ်ကြီး(ခ)ကျော်ကျော်ဌေးမှ ဘီယာပုလင်းခွံအား အင်းလျားကန်အတွင်း ပစ်ချပြီးနောက် လိုက်လံဆယ်ယူမည်ဟုဆိုကာ ကန်အတွင်းဆင်းသွားခဲ့ပြီး ပုလင်းခွံအား လိုက်လံဆယ်ယူခဲ့ကြောင်းသိရသည်။

ထိုသို့ဆယ်ယူရာ ကန်ပေါင်နှင့်ပေ ၃၀ ခန့်အကွာတွင် နစ်မြုပ်သွားပြီး ပျောက်ဆုံးနေကြောင်းကို ကိုဝင်းကိုနိုင်မှ ည ၉ နာရီ ၄၅ မိနစ်တွင် မရမ်းကုန်းမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

ယင်းသို့ အကြောင်းကြားချက်အရ မရမ်းကုန်းမြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် အခင်းဖြစ်နေရာပတ်ဝန်းကျင်တွင် ရှာဖွေခဲ့ရာ နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲတွင် ရေနစ်ပျောက်ဆုံးနေသူ ကိုအငယ်လေး၊ အင်းစိန်မြို့နယ်နေသူကို သေဆုံးလျက်တွေ့ရှိခဲ့ရသောကြောင့် အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ မရမ်းကုန်းမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၂၂/၂၀၁၄) ဖြင့် ရေးဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၀၄၀)**


## “မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ”

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နေ ဗိုလ်မှူးချုပ် ကြည်စိုး-ဒေါ်ဆွေဆွေနိုင်တို့၏သားတပည့်
ဦးစိုးလှိုင်-ဒေါ်စန်းစန်းမြင့်တို့၏ သားကြီး

**ဗိုလ်ကြီးရန်နိုင်**

M.Sc(D.S.A)

နှင့်

နေပြည်တော်နေ ဗိုလ်မှူးချုပ် စန်းဝင်း-ဒေါ်မြနွယ်တို့၏သမီး

**မဒါလီနွယ်**

M.A(English),Dip in ELT,Dip in SEMO CHAT

[ဌာနစုမှူး(၁)/ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန]

တို့၏ ၂-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နေပြည်တော် Western Park Royal၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့်ဇနီး ဒေါ်ဥမ္မာလွင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မဆုစန္ဒီနွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဆန်းစန္ဒာဝင်း၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မမြပွင့်ဖြူ၊ မင်္ဂလာသတို့သား အရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးခွန်ရဲဝင့်ထွန်းနှင့် ဗိုလ်ကြီးရဲထွဋ်ဝင်း၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မကြည်ကြည်ဇင်နှင့် မသဲရီနှင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈)မှ အရာရှိကြီးများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ၂၆-၁၀-၂၀၁၄ရက်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်၍ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မြင့်နွယ်နှင့် တပ်မတော်(လေ)မှ ဗိုလ်မှူးချုပ်ကျော်ဆွေဦးတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးရန်နိုင်-မဒါလီနွယ်**



## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်နေ ဦးဇေယျာအောင်-ဒေါ်သူဇာဝေတို့၏သား

**မောင်ဗညားအောင်**

နှင့်

ရန်ကုန်မြို့နေ ဦးအောင်ဇေမြင့်-ဒေါ်ဝင်းထွေးတို့၏ သမီး

**မမြပန်းချစ်**

တို့သည် ၁-၁၁-၂၀၁၄ရက်(စနေနေ့) Kandaw Gyi Palace Hotel (Executive Lounge)တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ဗညားအောင်-မမြပန်းချစ်**




ပြည်တွင်းရေးရာ

# နေပူကုန်းရွာတွင် အများစုပေါင်းလှူဒါန်းမှုဖြင့် လမ်းသစ်ဖောက်လုပ်မှု ပြီးစီး

**ဝမ်းတွင်း၊ နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ နေပူကုန်း(စံပြ)ကျေးရွာတွင် မတည်အလှူရှင် ဦးထွန်းကြည်-ဒေါ်ရင်(မြသဇင် အထည်စက် ) မိသားစုနှင့် ကျေးရွာဒေသခံအလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် နေပူကုန်း-အိုင်သာလမ်းပိုင်း ၃ မိုင် ၂ ဖာလုံ ဂန့်ဂါးလမ်းသစ်ဖောက်လုပ်မှုပြီးစီး၍ ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်နံနက် ၈နာရီခွဲက အဆိုပါကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝမ်းတွင်း-ပင်းတလဲ လမ်းမကြီးနှင့်ဆက်စပ်နေသည့် နေပူကုန်း-အိုင်သာလမ်းပိုင်း ဂန့်ဂါးလမ်းသစ်အားမတည်အလှူရှင်မိသားစုနှင့် စေတနာရှင်အလှူရှင်များက ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက်အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ရေးအတွက် အများစုပေါင်း၍ လမ်းသစ်ဖောက်လုပ်နိုင်ရန် ပါဝင်ဆောင်ရွက်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နေပူကုန်း-အိုင်သာလမ်းပိုင်း ၃ မိုင် ၂ ဖာလုံ ဂန့်ဂါးလမ်းကို ဖောက်လုပ်နိုင်ရန် ၁၀ နှစ်တာမျှ ဝိုင်းဝန်းကြိုးပမ်းခဲ့ရကြောင်း၊ လမ်းဖောက်လုပ်နိုင်ရေးအတွက် မြေလှူဒါန်းသူများ၊ ငွေလှူဒါန်းသူများနှင့် လုပ်အားအလှူရှင်ဒေသခံများအား ကျေးဇူးတင်ကြောင်း၊ မိမိတို့ အထည်စက်ရုံလုပ်ငန်းမှရရှိသည့် ချွေးနည်းစာများဖြင့် မိမိဇာတိရပ်ရွာလမ်းဖောက်လုပ်နိုင်ရေးအတွက် လှူဒါန်းခြင်းဖြစ်ရာ ဝယ်ယူဝတ်ဆင်သူများသည်လည်း ကုသိုလ်ရှင်များဖြစ်ကြောင်း မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါဝင်ကူညီဆောင်ရွက်သူများကို ကျေးဇူးတင်ကြောင်း မတည်အလှူရှင်က ပြောသည်။

ယင်းနောက် လမ်းဖောက်လုပ်ရာတွင် မိမိတို့ပိုင်မြေများကို လှူဒါန်းသည့် မြေအလှူရှင်၊ ငွေအလှူရှင်နှင့် လုပ်အားအလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးမင်းအောင်၊ မတည်အလှူရှင် ဦးထွန်းကြည်နှင့်တာဝန်ရှိသူများမှ ပေးအပ်ဂုဏ်ပြုခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျောက်တံခါးမြို့နယ် အဝေရာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပ

**ကျောက်တံခါး၊ နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းမြို့၊ အဝေရာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်၊ ပဲခူးအမှတ်(၃)လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်လှဖုန်း၊ တောကျွဲအင်းနယ်မြေစခန်းမှူး ရဲအုပ်အောင်လင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်စိုးနှင့် အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းတင်အေးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ အပါအဝင် စုစုပေါင်း ၃၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ပဲခူးမြို့ အမှတ် (၃) လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်လှဖုန်းက လူမှောင်ခို လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ယင်းသို့ ဟောပြောရာတွင် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးသူများ အသုံးပြုသည့်နည်းလမ်းများ၊လူကုန်ကူးမခံရစေရန် သတိပြုရမည့်အချက်များ၊ သတိပြုရမည့်လူများ၊ လူကုန်ကူးမှုသည် ထောင်ဒဏ်တစ်သက်ကျခံနိုင်သည့် ကြီးလေးသည့်ပြစ်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။ တောကျွဲအင်းနယ်မြေစခန်းမှူး ရဲအုပ်အောင်လင်းမှ ကျန်းမာပျော်ရွှင် မူးယစ်ကင်းစင်သည့် လူ့ဘောင်ဘဝဖြစ်လာဖို့ တကမ္ဘာလုံးဝိုင်းဝန်း ဆောင်ရွက်ကြပါစို့ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးသိကောင်း စရာများကို ရှင်းလင်းပြောကြားခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**

## ရေးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မူးယစ်ဆေးပြားများသိမ်းဆည်းရမိ

**ရေး၊ နိုဝင်ဘာ ၂**

မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သော်အနီးကပ်ကြီးကြပ်မှုဖြင့် မူးယစ်တပ်ဖွဲ့ စု၃၉ ဒုရဲမှူးသန်းဇော် ရေးရဲစခန်းမှူး ဒုရဲမှူးပြုံးချိုနှင့်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက် ၁ နာရီက မူးယစ်ဆေးဝါးသတင်းအရရေးမြို့ သီရိနန္ဒာရပ်ကွက် အဏ္ဏဝါရပ် ပန်းလောင်းလမ်း၌ စောင့်ဆိုင်းနေကြစဉ် လမ်းလျှောက် လာသူ သန်းလင်းစံ (ခ) ကလင်း အသက် ၁၉ နှစ် အဏ္ဏဝါရပ် ရေးမြို့နေသူအားရှာဖွေစစ်ဆေးရာ အစိမ်းရောင်ကြွပ်ကြွပ်အိတ်အစဖြင့်ထုပ်လျက် WY စာတန်းပါပန်းရောင်စိတ်ကြွဆေးပြား ၃၀ ကို သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့သည်။

၎င်းအားစစ်ဆေးရာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ ဝန်းကျင်ခန့်က ရေးမြို့နယ် ကိုးမိုင်ကျေးရွာနေ အမည်မသိ အသက် ၄၀ အရွယ်အမျိုးသမီးတစ်ဦးထံမှ ရေး-ထားဝယ် ကားလမ်း ၁၃ မိုင်အနီး ကားလမ်း၌ တွေ့ဆုံပြီး စိတ်ကြွဆေးပြားတစ်ပြားလျှင် ၃၀၀၀ ကျပ်နှုန်းဖြင့် ၇၀ ပြားအား ၂၁၀၀၀၀ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချရန် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ရာ နေအိမ်၌ စိတ်ကြွဆေးပြား ၄၀ ပြားအား ထားရှိသဖြင့် သက်သေများနှင့်အတူ ပူးပေါင်းအဖွဲ့ဝင်များက ထပ်မံသိမ်းဆည်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်များနှင့် ပတ်သက်၍ ရေးရဲစခန်းမှ သန်းလင်းစံ (ခ) ကလင်းအား ဥပဒေအရ အရေးယူထားကြောင်းသိရသည်။ **ထွဋ်ထွဋ် (ရေး)**

## နယ်စဉ်လှည့်ကာ ဝက်သားပေါက်ရောင်းချသူများ ဈေးကွက်ကျယ်ပြန့်လာ၍ အလုပ်အကိုင်ဖြစ်နေ



**ပခုက္ကူ၊ နိုဝင်ဘာ ၂**


တောင်ယာလုပ်ငန်းခွင်များ နားချိန်၌ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကမ္မကျေးရွာမှ မန္တလေးတိုင်းဒေသကြီး ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်များသို့ တစ်နိုင်တစ်ပိုင် ဝက်သားပေါက် လိုက်လံရောင်းချသူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။


ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သည်နှင့် အညီ စိုက်ပျိုးရေးကို ဦးစားပေး လုပ်ကိုင်သူများပြားပြီး ဝက်သားပေါက်များ ဝယ်ကာ အသားတိုးမွေးမြူကြသူများလည်းရှိနေ၍ စီးပွားဖြစ် သားဖောက်ရောင်းချသူများနှင့် တစ်ဆင့်ခံသားပေါက် လိုက်လံရောင်းချသူများ အလုပ်အကိုင်ဖြစ်လျက်ရှိသည်။


“သားဖောက် မွေးမြူတဲ့ သူတွေဆီက ၄၅ ရက်သား ဝက်ပေါက် တစ်ကောင် ကို ငွေသုံးသောင်းနဲ့ ဝယ်ပြီး သုံးသောင်းခွဲနဲ့ ပြန်ရောင်းပါတယ်။ ဆိုင်ကယ်နောက်မှာ ခြင်းကြားတွေနဲ့ ဝက်ပေါက် ငါးကောင်ကနေ ရှစ်ကောင်ထိထည့်ပြီး ရွာစဉ်လှည့်ရောင်းတာပါ၊ တစ်ရက်နှစ်ရက်အတွင်း ရောင်းကုန်လို့ တစ်လ ငါးခေါက်လောက် အရောင်းထွက်ဖြစ်ရင်ကို စီးပွားရေးချောင်လည်ပြီလို့ ပြောနိုင်ပါတယ်” ဟု ဝက်သားပေါက်လိုက်လံရောင်းချသူတစ်ဦးက ပြောသည်။

ယခင်က ပခုက္ကူနယ်အတွင်းသာ လိုက်လံရောင်းချခွင့် ရခဲ့သော်လည်း ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ) တည်ဆောက်ပြီး နောက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း၊ ဝါခင်းကြီး ကျေးရွာများသို့လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ စန်းပွင့်၊ တောင်ကုန်း၊ ချောင်းကြားကျေးရွာများအထိလည်းကောင်း ဈေးကွက်နယ်ပယ်ကျယ်ပြန့်ကာ စီးပွားရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာနိုင်ကြောင်း ယင်းက ထပ်မံပြောပြသည်။

ဝက်သားပေါက် ရောင်းဝယ်သည့် လုပ်ငန်းသည် လူသိများလာသည်နှင့် အမျှ ပခုက္ကူမြို့နယ်ရှိကျေးရွာများတွင် ဝက်သားဖောက် မွေးမြူသူများ၊ နယ်စဉ်လှည့်ကာ ဝက်သားပေါက် လိုက်လံရောင်းချလိုသူများပိုမိုများပြား လာပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် ကျယ်ပြန့်သောဈေးကွက်အတွင်း လုပ်ကိုင်သူအားလုံး အဆင်ပြေမည်ဟုထင်ကြောင်း ဒေသခံများက ပြောသည်။ **ဇေယျာတု(မကွေး)**




# (၁၉၈၅-၁၉၉၂)ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ

၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သို့ စတင်တက်ရောက်ခဲ့သူများနှင့် ၁၉၉၂ ခုနှစ်တွင် ဘူမိဗေဒဘွဲ့ရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာ၊ ဆရာမကြီးများအား ကိုယ်တိုင်ကိုယ်ကျ ပူဇော်ကန်တော့နိုင်ပါရန်နှင့် သူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ရန် မပျက်မကွက် တက်ရောက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်း အောက်ပါသူငယ်ချင်းများထံတွင် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

နေ့ရက် - ၁၁-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
အချိန် - ညနေ ၅း၀၀ နာရီ
နေရာ - ဆီဒိုးနားဟိုတယ်(ရန်ကုန်)၊ မင်းတုန်းခန်းမ

| | | | |
|---|---|---|---|
| အောင်သွင် | ဖုန်း-၀၉-၇၃၄၅၅၅၅၅ | ဝင်းနိုင်ထွန်း | ဖုန်း-၀၉-၅၁၉၆၇၅၈ |
| သက်ဦး | ဖုန်း-၀၉-၅၀၀၅၂၆၀ | ကျော်စွာထွန်း | ဖုန်း-၀၉-၅၁၇၇၅၃၁ |
| မြင့်ကြည်ထွန်း | ဖုန်း-၀၉-၅၁၄၉၅၁၈ | ဝင်းမောင်မောင် | ဖုန်း-၀၉-၇၃၀၇၅၈၈၆ |
| မောင်မောင်စိုး | ဖုန်း-၀၉-၅၀၄၀၄၈၉ | ဇော်နိုင်ဦး | ဖုန်း-၀၉-၅၃၇၆၃၈၂ |
| စိုးသူရထွန်း | ဖုန်း-၀၉-၅၁၄၄၀၀၅ | စန္ဒာညွန့် | ဖုန်း-+၆၅-၉၀၂၉၇၇၂၆(စင်ကာပူ) |

Geo-friends Co.,Ltd-၀၁-၅၆၁၄၃၁၊ ၀၉-၄၂၀၁၀၇၇၅၇

# ဆင်တဲဝ(သမက္ကူ) ဆည်ရေဖြင့် မိုးစပါး ဧက၃၀၀၊ အခြားသီးနှံ ဧက၅၀၀ စိုက်ပျိုး

**မြင်းခြံ၊ နိုဝင်ဘာ ၂**

ဆင်တဲဝ(သမက္ကူ)သို့ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်တို့သည် အောက်တိုဘာ ၃၀ ရက်နံနက် ၁၁ နာရီတွင် ဆင်တဲဝ(သမက္ကူ)ဆည်သို့ရောက်ရှိရာ တောင်သာမြို့ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူက ယခုနှစ်ဆည်အတွင်း ရေဝင်ရောက်မှု၊ ဆည်ရေဖြင့် မိုးစပါးဧက ၃၀၀ ခန့်နှင့် အခြားသီးနှံဧက ၅၀၀ ခန့်တို့အား ရေပေးဝေနိုင်မှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးမှ လိုအပ်သည်များကို မှာကြား၍ စိုက်ပျိုးထားသော မိုးစပါးများနှင့် အခြားသီးနှံစိုက်ခင်းများကို ကြည့်ရှုခဲ့ကြောင်း သိရှိရသည်၊

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့ရှိ ဆင်တဲဝ(သမက္ကူ)ဆည်သည် ဒေသခံတောင်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် အဓိကအားထားရာ ဆည်ကြီးဖြစ်သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# အင်းတော်မြို့နယ် အလယ်ဆိပ်ကျေးရွာရှိ မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသည့်တံတားအား ပြန်လည်ပြုပြင်ဆောင်ရွက်နေ

**အင်းတော်၊ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အလယ်ဆိပ်ကျေးရွာအုပ်စု၊ ပင်သချေကျေးရွာနှင့် အလယ်ဆိပ်ကျေးရွာတို့ကိုဆက်သွယ်ဆောက်လုပ်ထားသည့် အရှည်ပေ ၆၀၀ ရှိ ရတုသုံးလီကျေးရွာချင်းဆက် ချောင်းကူးတံတားမှာခိုင်ခံ့မှု အားနည်းနေသောကြောင့် ကွန်ကရစ်အုပ်တိုင် သံပေါင်၊သစ်သားတံတား အသစ်ပြန်လည်တည်ဆောက်ကြနေကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၈ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် အဆိုပါတံတားမှာ အလယ်ဆိပ်ကျေးရွာဘက်ကမ်းအနီး ရေအလယ်ပေ ၂၀၀ ခန့်၌ ရေစီးနှင့်အတူ မျောပါခဲ့သဖြင့် ဒေသခံများမှ ဆက်သွယ်သွားလာရေးတစ်လခန့် ပြတ်တောက်ကာ ကူးတို့လှေငယ်များကိုသာ အသုံးပြုပြီး သွားလာခဲ့ကြရသည်။

အဆိုပါ ကျေးရွာချင်းဆက် ရတုသုံးလီပင်သချေတံတားမှာ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေရှိပြီး မဲဇာချောင်းကိုဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်ရာ ပင်သချေဘုန်းတော်ကြီးကျောင်းထိုင် ဆရာတော်ဘဒ္ဒန္တနာဒရ ဆရာတော်မှအကြီးအမှူးပြု၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံများ၊ စေတနာအလှူရှင်များက ၂၀၁၂ခုနှစ်၊ မတ်လအတွင်း ကိုထူကိုယ်ထစနစ်ဖြင့် ပြန်လည်တည်ဆောက်ခဲ့သည်။

"ကျွန်တော်တို့ရွာမှာအများစုက ဒီမဲဇာချောင်းကို အမှီပြုလို့ စိုက်ပျိုးရေးကို လုပ်ကိုင်နေကြပါတယ်။ မိုးတွင်းကာလမှာ ချောင်းရေကြီးတဲ့ အခါမျိုးမှာ ရေပြင်က ကျယ်လွန်းတော့ ချောင်းနဲ့မတူဘဲ မြစ်ရေပြင်လို ကျယ်ဝန်းနေတယ်။

"ဒါကြောင့် တစ်ရွာနဲ့ တစ်ရွာသွားလာဖို့အတွက် အခုလို ချောင်းကူးတံတား အခိုင်အမာရှိဖို့ လိုအပ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်က မိုးသဲသဲမဲမဲ ရွာလိုက်လို့ ဒီတံတား ပေ ၂၀၀ လောက် ရေထဲမျောပါသွားခဲ့လို့ ဆက်သွယ်သွားလာရေးတွေ ပြတ်တောက်သွားပြီးတော့ဒေသခံတွေအတွက် အခက်အခဲတွေဖြစ်ခဲ့ရပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက ပြောသည်။

"ဒီတံတားဟာ ကျေးရွာချင်းဆက်တံတားထက် မြို့နယ်ချင်းဆက်တံတားလို့ ပြောလို့လည်းရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အင်းတော်မြို့နယ်က အဓိက သွားလာနေကြတဲ့ အလယ်ဆိပ်ကျေးရွာအုပ်စု ပင်သချေကျေးရွာ၊ မကျီးပင်ကျေးရွာအုပ်စု၊ ပိန္နဲပင်ကျေးရွာ၊ တံခွန်တိုင်ကျေးရွာအုပ်စုက တုံစည်ရွာသစ်ကျေးရွာ၊ တုံစည်ရွာမကျေးရွာ၊ သစ်လှတောကျေးရွာ၊ ညောင်ပင်သာကျေးရွာများနဲ့ ဝန်းသိုမြို့နယ်က တပ်လွင်ကျေးရွာ၊ ကျောက်တောကျေးရွာ၊ ဆင်ကုန်းကျေးရွာ၊ ထန်းတပင်ကျေးရွာ၊ သက္ကယ်ကျင်းကျေးရွာ၊ လယ်ကျင်းကျေးရွာ၊ ဗန်မောက်မြို့နယ်က နတ်လှေကားကျေးရွာ၊ မှန်ကင်းကျေးရွာ၊ မင်းကုန်းကျေးရွာ၊ ဆည်ကြီးကျေးရွာ၊ပဲစင်းတင်ကျေးရွာ၊ ဆယ်ဦးကျေးရွာ၊ သရက်ကိုင်းကျေးရွာ၊ တုံပင်ကျေးရွာတွေကဒေသခံတောင်သူတွေ၊ စီးပွားလုပ်ကိုင်သူတွေက ဟော့ဒီပင်သချေကျေးရွာကရတုသုံးလီ တံတားကိုအမှီပြုလို့ သွားလာနေကြရတာပါ" ဟုယင်းရွာမှ တံတားဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်ဆွေက ပြောသည်။

အဆိုပါ ကျေးရွာနှင့် အင်းတော်မြို့သို့ ၁၀ မိုင်ခန့်၊ ဝန်းသိုမြို့သို့ မိုင် ၃၀ ခန့်၊ ဗန်မောက်မြို့သို့ ၃၆ မိုင်ခန့်ဝေးပြီ စီးပွားရေးအချက်အချာကျသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၁၈ ရက် နံနက် ၃နာရီခန့်က ရွာသွန်းခဲ့သော မိုးကြောင့် နံနက် ၉ နာရီတွင် ချောင်းရေများပြားလာကာ ညနေ ၃ နာရီခန့်တွင် ပေ ၆၀၀ ခန့် ရှည်လျားသည့် အဆိုပါတံတားမှာ ချောင်းအလယ်ပေ ၂၀၀ ခန့် ရေစီးထဲမျောပါသွားခဲ့သဖြင့် တစ်လခန့်အကြာတွင် ပြန်လည်၍ပြုပြင် တည်ဆောက်ခဲ့သည်။

ယင်းသို့ ပြန်လည်တည်ဆောက်ခဲ့သော်လည်းတံတားမှာ ကြံ့ခိုင်မှု အားနည်းနေသောကြောင့် ထပ်မံ၍ အသစ်ပြန်လည် တည်ဆောက်ရန် ပင်သချေဆရာတော်ဘဒ္ဒန္တဇာဂရ၊ မန်ကျည်းပင်ဆရာတော်ဘဒ္ဒန္တနာရဒ၊ ပင်သချေကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တံတားဖြစ်မြောက်ရေး အကျိုးဆောင်ကော်မတီများက ကွန်ကရစ်ရေလယ်တိုင်လေးတိုင်၊ သံပေါင်ယက်မခံ သစ်သားကြမ်းခင်းတံတားအဖြစ် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ပေ ကျယ်သော ကုန် သုံးတန်၊ ယာဉ်သုံးတန်ခံနိုင်ရည်ရှိသော မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည့်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တံတားအသစ် ပြန်လည်ဆောက်လုပ်ပြီးစီးသွားပါကအင်းတော်မြို့နယ် သာမက ဗန်မောက်မြို့နယ်နှင့် ဝန်းသိုမြို့နယ်များမှ ဒေသခံများ၏ ပညာရေး၊ စီးပွားရေး၊လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တံတားဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**နီတိုး**

# ဇလွန်မြို့နယ်တွင် မိုးစပါး စံကွက်များရိတ်သိမ်းပွဲကျင်းပ



**ဇလွန်၊ နိုဝင်ဘာ ၂**


ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ် ဇော်ဂျီကွင်းကျေးရွာ ကွင်းအမှတ် ၁၈၃၃ ဦးပိုင် ၃၃/၄ ရှိ လယ်သမား ဦးဇော်မင်းအောင်၏ မိုးစပါးစိုက်ဧက ၁၀ ဧကလယ်တွင် စိုက်ပျိုးထားရှိသော Swana Sub-1 ရေမြုပ်ခံ စပါးမျိုးစိုက်ခင်းအား နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီက ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကိုကျင်းပခဲ့သည်။

မိုးစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ဇလွန်မြို့နယ်ဦးစီးမှူး ဒေါ်ရီရီမြင့်နှင့်ဝန်ထမ်းများ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အနီးပတ်ဝန်းကျင်ကျေးရွာအုပ်စု ငါးအုပ်စုတို့မှ လယ်သမားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးငွေလွင်မှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မား၍ လယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် ရေမြေဒေသနှင့် လိုက်လျောညီထွေသော မျိုးကောင်းမျိုးသန့် စပါးများကို ပြောင်းလဲအသုံးပြုရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လိုက်နာဆောင်ရွက်ရေး၊ အလေအလွင့်နည်းပြီး သီးနှံများ အရည်အသွေးမြင့်မားလာစေရန် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုရေးတို့အား တက်ရောက်လာသော လယ်သမားကြီးများကို ရှင်းလင်းပြောကြားဆွေးနွေးပေးခဲ့သည်။

တောင်သူ ဦးဇော်မင်းအောင်ကလည်း မိမိသည် စိုက်မျိုးရွေးချယ်သည်မှစ၍ ရိတ်သိမ်းသည်အထိ စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်းနှင့်သက်ဆိုင်ရာစိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများနှင့် လိုအပ်သောနည်းစနစ်များ ကိုရယူဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုလို အထွက်နှုန်းများ ယခင်နှင့်မတူ တိုးတက်ကောင်းမွန်ခဲ့ကြောင်း တို့ကိုရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါ Swana Sub-1 စိုက်ခင်းမှ တစ်ဧကလျှင် ခြောက်ခံပြီးစပါးကျီဝင် ၁၂၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဟင်္သာတ)**



၁၂ နှစ်ပြည့်အကြိုအဖြစ်
မိတ်ဟောင်းမိတ်သစ်များအား Container သင်္ဘောခကို
အထူးသက်သာသောဈေးနှုန်းဖြင့် ကြိုဆိုရောင်းချပေးနေပါပြီ။

Yangon → Singapore
→ Malaysia : Portklang, Penang, Sibu, Kota Kinabalu
→ Vietnan : Hochiminh City, Hiphong
→ Thailand : Bangkok
→ India : Chennai, Nhavasheva, Calcutta, ICD Ports
→ China : Shanghai, Wenzhou, Qingdao, Guangzhou
→ Gulf Ports & Middle East Ports
→ Korea : Busan, Incheon

**Integrated Shipping Co.,Ltd.**
No.95, ဒုတိယထပ်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-299559, 201663, 398525,
ပထမတစ်ကြိမ်လေးသာ ပြောင်းလဲအသုံးပြုပေးပါ၊ သင့်လုပ်ငန်းတွင် ကုန်ကျစရိတ်များ အစဉ်သိသိသာသာသက်သာလာစေခြင်းတို့အပြင် အသစ်ဧည့်ဝတ် ပျူငှာခြင်းများကို သင်နှင့်သင်၏မိတ်ဆွေများ တွေ့ရှိရပါမည်။
ကိုထက်အောင်ငွေး 09-43185086
E-mail : shwephyoe@iscl.com.mm
express@iscl.com.mm

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဗမာအေး၊ မြေကွက်အမှတ်-၄၄၇၊ မြေကွက်တည်နေရာအမှတ်(၄၄၇)၊ မင်းရဲကျော်စွာ(၁)လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးလှတင်[၁၂/ဒပန(နိုင်)၀၂၃၉၉၄]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှတင် ကွယ်လွန်သဖြင့် ၎င်း၏ တစ်ဦးတည်းသော ဇနီးဖြစ်သူဒေါ်အေး[၁၂/ဒပန(နိုင်)၀၂၃၉၉၅]ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ(၂၂၆၄/၁၄)ရရှိသူ ဦးမျိုးမင်းအောင်[၁၂/တမန(နိုင်)၀၀၃၅၀၃]မှ ကျမ်းကျိန်လွှာ(၁၈-၈-၂၀၁၄)တိုင်းကျန်းမာရေးဦးစီးဌာနမှပြန်စာ၊ ရပ်ကွက်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာ တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၈ A၊ မြေကွက်တည်နေရာအမှတ် ၄၀၂၊ သပြေလမ်း၊ ၂/ခရပ်ကွက်၊ မင်္ဂလာဒုံ မြို့နယ်၊ ဦးမောင်မောင်မြင့်အမည်ပေါက်နှစ်(၆၀)ဂရန် အမည်ပေါက်ဦးမောင်မောင်မြင့်[၁၂/မဂဒ(နိုင်)၀၃၄၅၂၅]ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း၊ ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ၂/ခရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့် မြေငှားစာချုပ်အမှတ်၊ မဂလဒ-၁၁၄/၁၉၉၈၊ ၃၁-၇-၁၉၉၈ ရက်စွဲပါအမှုတွဲအမှတ် မဂလဒ/သစ်၃၀/၁၉၉၈ (၂၁-၄-၁၉၉၈)ဖြင့် ထုတ်ပေးထားသည့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)စာအုပ်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်စုံကမ္ဘာ

ဓာတ်ပုံကူး / ပီနိုင်းလုပ်ငန်း

ဓာတ်ပုံ ပုံဟောင်းပြုပြင်သည်၊ ဓာတ်ပုံဟောင်းအမြန်ရသည်၊

ဓာတ်ပုံစံချိန်မီ ပီနိုင်း အမြန်

ဓါတ်ပုံစပေါ်တွင် တံဆိပ် / ကြော်ငြာ / ဓာတ်ပုံ ကူးပေးသည်၊

ဖုန်း- 01-389128, 01-373024

ဖုန်း- 01-245389

ဖုန်း- 01-375622

ဖုန်း- 09-4500 55898

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးတင်

**DALY CITY**

**အသက် (၉၈) နှစ်**

မန္တလေးမြို့နေ (ဦးသိန်းဝင်း) (သိန်းဝင်းကဖေး၊ ၈၄လမ်းနှင့် ၃၀လမ်းထောင့်)၏ ဇနီး၊ အမေရိကန်နိုင်ငံ DALY CITY နေ ဦးတင်အောင်-ဒေါ်ရင်ရင်၊ ဒေါ်ရီရီသိန်း-(ဦးအေး)၊ ဦးမြင့်ဝေ-Daw Pancy၊ ဒေါ်ကြည်ကြည်သိန်း-(ဦးမြင့်ဝေ)၊ (ဒေါက်တာစိန်လင်း)၊ ဦးစိမ်းမောင်-ဒေါ်ညိုညို၊ ဒေါ်မွှေးမွှေးကြီး၊ ဒေါ်မွှေးမွှေးလေး-ဦးလှထွန်းမြင့်၊ ဦးသန်းထွန်းဝင်း(ခ)ဖိုးတီး၊ ဦးသိန်းထွန်းဝင်း(ခ)ထိုက်ထိုက်-ဒေါ်ကြင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၂၁ယောက်တို့၏ ချစ်ဘွားဘွားကြီး ဒေါ်အေးတင် အသက်(၉၈)နှစ်သည် အမေရိကန်နိုင်ငံ၊ DALY CITY မြို့၌ ၂၉-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမြင့်-ဒေါ်ခင်ဝင်းကြည် မိသားစု (မန္တလေးမြို့) နှင့်**

**ဦးသက်ထွန်း-ဒေါ်ခင်မာမာ မိသားစု (တန့်ကြည့်တောင်သက်န်းတိုက်-ရန်ကုန်မြို့)**

## အထူးကျေးဇူးတင်ရှိခြင်း

## ဦးအိုက်နွဲ့(ခ) ဦးစိုင်း

Ko Htaik International Co.,Ltd

Potencer International Co.,Ltd

**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ အမှတ်(၄၅)၊ တေးနုယဉ်လမ်းနေ ဒေါ်မြရီ(ခ) ဒေါ်ရင်ရင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်စိုးဦး၊ ကိုကျော်စိုးမင်း၊ မပိုးအိဖြူ၏ ချစ်လှစွာသောဖခင် ဦးအိုက်နွဲ့(ခ)ဦးစိုင်း၏ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော စော်ဘွားလေးကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအားလည်းကောင်း၊ ရန်ကုန်ယူနန်ဘုံ ကျောင်းလူမှုကူညီရေးအဖွဲ့ဝင်များအားလည်းကောင်း၊ ရန်ကုန် ရင်လုံ ဂေါက်သီးရိုက်အသင်းအားလည်းကောင်း၊ ရန်ကုန်ယူနန်အမျိုးသမီးအဖွဲ့အားလည်းကောင်း၊ တရုတ်သတ်သတ်လွတ် စံကျင်လုံ သီလရှင်ကျောင်းအားလည်းကောင်း၊ အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များအားလည်းကောင်း၊ အမှတ်(၇)ရပ်ကွက်လူမှုကူညီရေးအဖွဲ့ဝင်များအားလည်းကောင်း၊ မိသားစုစိတ်ဓာတ်ဖြင့် လူကိုယ်တိုင်ကူညီပေးခဲ့သူများအားလည်းကောင်း၊ တယ်လီဖုန်းဖြင့် အားပေးကူညီကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၁၀၄)၊ ၄လွှာ-ခေါင်းရင်းခန်း၊ ပေ(၁၇×၆၀)ရှိတိုက်ခန်းအား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝါဝါလှိုင်[၁၂/ပဘတ(နိုင်) ၀၁၂၈၆၀]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက တိုက်ခန်းဖိုး စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ်ကိုဥပဒေနှင့်အညီ ဆက်လက်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဘေဘီအေး (LL.B) တရားလွှတ်တော်ရှေ့နေ**

**အမှတ် ၃၉၊ အိမ်ကြီးလမ်း၊ ၇လွှာ(ဝဲ) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၀၆၆၆၀၂၊ ၀၉-၂၅၄၀၉၉၉၂၂**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ဝေဠုဝန်(မြောက်)ရပ်ကွက်၊ တိုက်အမှတ်(၃၃)၊ အခန်းအမှတ်(၁၁)နေ ဒေါ်စန္ဒာဝင်း(ဘ)ဦးသန်းဝင်း[၁၂/ စခန(နိုင်)၀၀၀၉၀၁၉]၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၁)ရပ်ကွက်၊ အမှတ်(၇၉၅)ရှိ ပေ(၄၀×၆၀)မြေကွက်မှာ ဒေါ်စန္ဒာဝင်း၏မိခင် ဒေါ်ခင်ခင်(ဘ)ဦးဘိုးရှိန်(ITBN-၀၀၀၇၂၅)(ကွယ်လွန်)၏ အမည်ပေါက် ပညာရေးဝန်ထမ်းများအား အငှားချထားပေးသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် စပ်လျဉ်းသော မြေချပါမစ်မှာ နေအိမ်တွင် ပျောက်ဆုံးနေပါသဖြင့် သက်ဆိုင်ရာဌာနအသီးသီးတွင် မြေချပါမစ်မိတ္တူလျှောက်ထားရယူခြင်း၊ ဂရန်လျှောက်ထားခြင်း၊ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ အိမ်ဆောက်လုပ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းနှင့် လွှဲပြောင်းခြင်းမပြုရန် အများသိစေရန်ကြေညာအပ်ပါသည်။

ထိုကဲ့သို့ပြုလုပ်ပါက ပြုလုပ်သူအသီးသီး၏ တာဝန်သာဖြစ်ပြီး ထိုသို့ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးစိုးဝင်း(B.Sc,R.L,D.B.L)**

**အထက်တန်းရှေ့နေ (စဉ်-၁၉၈၇၇)**

**အမှတ်(၇၇)၊ မြေညီထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးဇော်ဦး[၁၂/ဗတထ(နိုင်)၀၀၈၀၅၄]နှင့် ကျွန်မ ဒေါ်နီနီမာ [၁၂/ဒပန(နိုင်)၀၄၁၆၃၅]တို့သည် ၁၉-၈-၂၀၁၄ရက်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲလိုက်ပါသည်။ **ဒေါ်နီနီမာ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်ပစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၃၆/၁)တွင်နေထိုင်လျက်ရှိသော ဦးစိုးမြ [၁၂/ဥကတ(နိုင်)၁၀၃၂၆၃]၊ ဒေါ်မြကျင် [၁၂/ဥကတ(နိုင်)၁၀၃၂၅၃]တို့၏ သမီးအရင်းဖြစ်သူ ဒေါ်ခင်မြနွယ်[၁၂/ဥကတ (နိုင်) ၁၀၃၂၅၈]သည် ၁၉-၁၀-၂၀၁၄ရက်တွင် မိဘဖြစ်သူ ဦးစိုးမြအား ထိခိုက်ဒဏ်ရာရရှိအောင်ပြုလုပ်ခြင်း၊ မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် တောင်ဥက္ကလာပမြို့နယ်ရဲစခန်းသို့ အမှုတိုင်ခြင်း၊ ဆေးရုံတက်ရောက်ကုသခြင်းပြုလုပ်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်၊ ကျွန်မတို့၏ သမီး ဒေါ်ခင်မြနွယ်ကို သွာနုတ္တာသမီးအဖြစ်ကြေညာ၍ အမွေပြတ်စွန့်ပစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်)

**ဖခင်ဦးစိုးမြ[၁၂/ဥကတ(နိုင်)၁၀၃၂၆၃]**

**မိခင်ဒေါ်မြကျင်[၁၂/ဥကတ(နိုင်)၁၀၃၂၅၃]**



## အမေ အမြန်ပြန်လာပါ

အမေ ဒေါ်ထားကြည် ရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါ။ သားတို့ စိတ်ပူနေသည်။ တွေ့ရှိပါက အမြန်အကြောင်းကြားပေးကြပါ။

အမှတ်(၂၁/၃၇)၊ ဘိုးရာဇာလမ်း၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၉-၄၂၀၁၃၅၁၇၃၊**
**၀၉-၄၄၀၃၂၆၀၇**

## ကန့်ကွက်နိုင်ပါသည်

ယနေ့ မာတိကာ

ကျောင်းဝန်းကျင်နှင့် ကိုက်တစ်ရာ
စာမျက်နှာ - ၂

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစ
စာမျက်နှာ - ၆

အနောက်ရိုးမပေါ်၌ ယိုဖိတ်နေသော နိုင်ငံပိုင် သယံဇာတများ
စာမျက်နှာ - ၁၂

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ မဟာမြို့လှကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဦးနေမိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဆိုပါကျောင်းတိုက်၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်လှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးတင်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့ဖိမြို့ဖများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**




ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ်ခန်းမတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစဉ်။ (သတင်းစဉ်)



ထွန်းထွန်းမင်း(ယာ)နှင့် မက်သရူး(ဝဲ)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။

# နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်း ကနေဒါလက်ဝှေ့ချန်ပီယံ မက်သရူးကို အလဲထိုး

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အစည်းအရုံးကကြီးမှူးကျင်းပသည့် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို အဓိကတွဲဆိုင်းအချို့ပြောင်းလဲခဲ့ပြီးနောက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ○**

# မြန်မာ့ဆန်စပါးကို တစ်မူထူးစေမည့် ဝတ်မှုန်ကူးပွဲတော်

သတ္တလောကတွင် ဖြစ်တည်နေသည့် သစ်ပင်ပန်းပင်တို့မှာလည်း ဆောင်းလေပြည်နှင့်အတူ လောကသဘာဝ အဖို၊ အမ ပေါင်းကူးယှက်နွယ်ကြသဖြင့် အရပ်ရှစ်မျက်နှာ တစ်ခွင်လုံး ပန်းပေါင်းစုံရနံ့တို့ဖြင့် ထုံသင်းလျက်ရှိပေသည်။ အဆိုပါရနံ့တို့နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မျိုးစေ့ထုတ်စံပြစိုက်ကွင်းများ၌ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး၏ အဖိုလိုင်း၊ အမလိုင်း ဝတ်မှုန်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲဆင်နွှဲလျက်ရှိပေသည်။ အဆိုပါဝတ်မှုန်ကူးပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုကြားသိခဲ့ရသည်။

**ဦးဇော်စိုးတောင်**
**(နယူးရောကုမ္ပဏီ)**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နေပြည်တော်ကောင်စီ နယ်မြေအတွင်းမှာ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နေတဲ့အပြင် မြန်မာ-တရုတ်စပ်မျိုးစပါးကျွမ်းကျင်ပညာရှင်များနဲ့ ပူးပေါင်းပြီး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ဆောင်ရွက်နေပါတယ်။ အခုလက်ရှိမှာတော့ နေပြည်တော်မှာ ဧက ၁၀၀ နဲ့ မန္တလေးတိုင်းဒေသကြီးမှာ ဧက ၈၀ မျိုးထုတ်တဲ့လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဝတ်မှုန်ကူးပွဲတွေကို ဆောင်ရွက်ပေးခြင်းဖြင့် ဆန်စပါးစိုက်ပျိုးသူတောင်သူများ လက်ဝယ်ကို မျိုးမှန်၊ အရည်အသွေးမှန်၊ အထွက်နှုန်းမှန်တဲ့ စပါးမျိုးစေ့တွေ ရောက်ရှိမှာဖြစ်သလို နိုင်ငံတော်ရဲ့ ဆန်စပါးထွက်ရှိမှုနှုန်းကလည်း တိုးတက်လာမှာဖြစ်ပါတယ်။ အခုလိုမျိုး ပုဂ္ဂလိကကုမ္ပဏီတွေအနေနဲ့ နိုင်ငံတော်နဲ့ တောင်သူလယ်သမားများ အကျိုးအတွက် အခုထက် ပိုမိုပါဝင်ဆောင်ရွက်ဖို့ရှိပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

**သတင်းဆောင်းပါး**
**မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)**
**ဓာတ်ပုံ**
**သန်းဦး(လေးမျက်နှာ)၊ ရွှေကိုလေး**

# စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်၍ အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲရာတွင် တောင်သူလယ်သမားများအတွက် ဦးစားပေးထည့်သွင်းဆောင်ရွက်ရန် ပညာရှင်များ အကြံပြု

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံ နိုင်ငံတစ်ခုဖြစ်သည့်အတွက် လက်ရှိရေးဆွဲဆောင်ရွက်နေသော အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲရာတွင် တောင်သူလယ်သမားများအရေးကိစ္စအတွက် ဦးစားပေး ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် ပညာရှင်များက အကြံပြုကြသည်။

အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲမှု ပဋ္ဌမမူကြမ်းအဆင့် အပြီးသတ်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် အများပြည်သူသို့ချပြ၍ တိုက်ရိုက်ညှိနှိုင်းဆွေးနွေးပွဲများ ဆောင်ရွက်သွားတော့မည်ဖြစ်သည်။ အဆိုပါရေးဆွဲပြီးမူကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားမြေအသုံးချမှု မူဝါဒမူကြမ်းအပေါ် အကြံပြုချက်ရယူခြင်းဆိုင်ရာ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက်က ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ကျင်းပခဲ့ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော မြေယာကျွမ်းကျင်ပညာရှင်များက တောင်သူလယ်သမားများအတွက် ဦးစားပေး စဉ်းစားဆောင်ရွက်ပေးရန် အကြံပြုပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ အခုလက်ရှိ ပကတိအခြေအနေမှာလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဦးတည်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် မြေအသုံးချမှု မူဝါဒရေးဆွဲရာမှာ ဒါကို အခြေပြုဆောင်ရွက်သင့်ပါတယ်။ စိုက်ပျိုးရေးအခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးမှာ အဓိကကျတဲ့ တောင်သူတွေအတွက် စဉ်းစားပေးဖို့အကြံပြုချင်ပါတယ်။ ဥပမာ မြေအသုံးချမှု မူဝါဒရေးဆွဲရာမှာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



George English Training Centre

# JOB OPPORTUNITY

## English Language Instructors

## English Language Assistant Instructors

# Singapore Home Caregiver

သူနာပြု၊ သူနာပြုအကူ၊ သားဖွားသူနာပြု၊ Caregiver များ အလိုရှိသည်။
Agent Fee ပေးရန်မလို။ လခ(၅၅၀၀၀၀-၇၀၀၀၀၀) နေ/စား စရိတ်ငြိမ်း။
English/Chinese စကားပြောနိုင်သူ၊ www.activeglobalcaregiver.sg/apply တွင် Online လျှောက်ထားနိုင်သည်။ **ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၂၅၆၃၅၆**

Japan နိုင်ငံအတွက် အမျိုးသမီး

Virtue International Limited

(1) Nagoyama Seinga Kyoudoukumiai
(2) Sakura Seingu Kyoudoukumiai
(3) Seinga Aoinata Gifu Kyoudoukumiai
(4) STB Kyoudoukumiai

Yen 125000

Interview

CV

VIRTUE INTERNATIONAL LIMITED

**ဆေးကုမ္ပဏီ ဝန်ထမ်းအလိုရှိသည်(Supreme Success Int' Ltd)**

- စာရင်းကိုင် (၁)
- Marketing (5)
- ရုံးအကူ (2)

**Ph:01-502504, 09-5129025, 09-5124720**

## ဝန်ထမ်းအလိုရှိသည်

(1) ဆရာဝန် - M.B.B.S
(2) Nurse(HD-Centre) - BNSc/Diploma in Nursing
(3) Lab-Technician
(4) Radiographer
(5) Nurse Aid
(6) Product Executive - M.B.B.S/B.Pharm/Nurse
(7) Marketing Executive
(8) Sale Representative
(9) Customer Services
(10) Office Staff

Computer

SML MEDICAL & DIAGNOSTIC CENTRE

# Apex G & O Group Ltd.

ရန်ကုန်၊ သီလဝါ၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါရာထူးများ အလိုရှိသည်။

1. **Hotel Operation Manager** **ကျား/မ- ၁ဦး**
Any Graduate
ဟိုတယ်ပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံ(၅)နှစ်နှင့် အထက်ရှိရမည်။
အသက်(၃၅)နှစ်အထက်ဖြစ်ရမည်။
2. **Marketing Manager** **ကျား/မ-၁ဦး**
Any Graduate
Marketing Diploma
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိရမည်။
3. **FO Manager** **ကျား/မ-၁ဦး**
Any Graduate
Two or More Language Preferred
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိရမည်။
အသက်(၂၃)နှစ်အထက် ဖြစ်ရမည်။
4. **F & B Manager** **ကျား-၁ဦး**
Any Graduate
Two or More Language Preferred
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိရမည်။
အသက်(၂၃)နှစ်အထက် ဖြစ်ရမည်။
5. **Admin Officer** **မ-၁ဦး**
Any Graduate
လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
အသက်(၂၅)နှစ်အထက်ဖြစ်ရမည်။
6. **Logistic Officer** **မ-၁ဦး**
Any Graduate
Logistic Management ရပြီးသူ ဦးစားပေးမည်။
အသက်(၂၀)နှစ်အထက်ဖြစ်ရမည်။
7. **စက်သုံးဆီဆိုင် မန်နေဂျာ** **ကျား/မ-၁ဦး**
Any Graduate
လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
အသက်(၃၀)နှစ်အထက်ဖြစ်ရမည်။
8. **Receptionist** **ကျား/မ-၂ဦး**
Any Graduate
Other Langue Preferred
အသက်(၂၀)နှစ် အထက်ဖြစ်ရမည်။
9. **ASST Quality Assurance** **မ-၁ဦး**
Any Graduate
အသက်(၂၀)နှစ် အထက်ဖြစ်ရမည်။
10. **Pump Man** **ကျား-၁၀ဦး**
Any Graduate
အသက်(၂၀)နှစ် အထက်ဖြစ်ရမည်။

- **အထက်ဖော်ပြပါ ရာထူးများအတွက် နေစရိတ်၊ စားစရိတ်စီစဉ်ပေးမည်။**

လျှောက်ထားလိုသူများသည် (၁)လအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ(၃)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာရေးအထောက်အထား မိတ္တူများအား Email (hr@apexgasnoil.com)သို့ ပေးပို့၍သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်လျှောက်ထားလိုပါက အောက်ဖော်ပြပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**No-(51), ShweHinthar Condo (A),10th Floor,Room No.(1003),6 Mile,Pyay Road, Hlaing Township, Yangon,Myanmar.**
**09-5132684**

## Max Energy Co.,Ltd

1. Filling Attendant
2. Account Assistant
3. Security
4. Cleaner

CV Form

## ဝန်ထမ်းအလိုရှိသည်
## "ခိုင်လီ" စားသောက်ဆိုင်

၁။ **Waiter** **ကျား(၂၀)ဦး**
၂။ **စားဖိုမှူးအကူ(ခေါက်ဆွဲ)ကျွမ်းကျင်** **ကျား(၅)ဦး**
၃။ **သန့်ရှင်းရေး** **ကျား/မ(၅)ဦး**

'ခိုင်လီ"စားသောက်ဆိုင်၊ ကမ္ဘာအေးစေတီလမ်း၊ Sedona Hotel ရှေ့ မြကျွန်းသာဥယျာဉ်ဝင်း။ **Ph:09-91056614, 09-250052276**

## အမျိုးသမီး အရောင်းဝန်ထမ်းအလိုရှိသည်

နယ်ဘက်သွားနိုင်သော သူများကို ရန်ကုန်နှင့်နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

**မှတ်ချက်** ။ ။ **ဆိုင်ခန်းတွင်သာ ခန့်ထားရန်။**
**ဆက်သွယ်ရန်** ။ **၀၉-၄၃၁၇၂၃၄၀၊**
**၀၉-၅၁၉၅၇၂၁(ရုံးချိန်အတွင်းသာ)**

Personal Assistant

ORCHARD COMPANY LIMITED

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

(၁) **Sale Supervisor** **ကျား/မ(၅)ဦး**
(၂) **Sale & Marketing** **ကျား/မ(၁၀)ဦး**
(၃) **Office Staff** **မ(၂)ဦး**
(၄) **ယာဉ်မောင်း** **ကျား/မ(၅)ဦး**

အမှတ်စဉ်(၁)နှင့်(၂)အတွက် စက်ကိရိယာပစ္စည်းများနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူ၊ ဈေးကွက်ကို ထိုးဖောက်ဦးဆောင်နိုင်သူ၊ ရုပ်ရည်ပြေပြစ်၍ အရောင်းအဝယ်တတ်ကျွမ်းနားလည်သူ ဦးစားပေးမည်။

အမှတ်စဉ်(၃)အတွက် ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်၍ ရုံးလုပ်ငန်းပိုင်းနားလည်တတ်ကျွမ်းသူ၊ Design & Drawing Software များကျွမ်းကျင်စွာ အသုံးပြုနိုင်သူဦးစားပေးမည်။

အမှတ်စဉ်(၄)အတွက် အသက်(၄၅)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်း(၃)နှစ်ရှိပြီး မည်သည့်ကားမဆို ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။

စိတ်ပါဝင်စားသူများသည် ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**တုန်းတာကုမ္ပဏီလီမိတက်**
**တိုက်၃၊ အခန်း ၄/၅၊ ဗိုလ်တထောင်ဘုရားလမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၉၅၆၁၃**

## ဝန်ထမ်းအလိုရှိသည်

1. Computer Operator

2. Store Assistant

3. Marketing Staff

4. Marketing Supervisor

5. Marketing Executive

(လစာကောင်းမည်)

## 3D Designer တစ်ဦးအလိုရှိသည်

- 3D Software တစ်ခုခု တတ်ကျွမ်းရမည်။
- လက်ဝတ်ရတနာ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**ဆက်သွယ်ရန်- အမှတ်-၂၀၁၊ သီဟသူလမ်း၊ ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၆၀၀၀၊ ၀၉-၄၂၀၇၅၄၇၃၉၊ ၀၁-၅၇၀၇၉၈**
**email-info@lifeandchallenge.com**

## အမြန်အလိုရှိသည်

Excel (၁)ဦး
စာစီစာရိုက်ကျွမ်းကျင် (၁)ဦး
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၄၀၉၄၈၊ ၀၉-၅၀၁၀၈၅၁**

## အမြန်အလိုရှိသည်

တာဝါတိုင်ထောင်ရန်
ကျွမ်းကျင်သောအဖွဲ့ (၅)ဖွဲ့
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၂၇၄၅၅၁၊ ၀၉-၃၁၉၅၉၃၀၄**

## သူရိယဝင်းကုမ္ပဏီလီမိတက်

**အမှတ်(၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၅၂၃၄၉၆၊ ၅၃၀၆၂၈**

(၁) ရုံးကားယာဉ်မောင်း ကျား(၁၀)ဦး

အသက်(၅၅)နှစ်အောက်၊ လိုင်စင်သက်တမ်း အနည်းဆုံး(၁)နှစ်နှင့်အထက်၊ ကားလေး (Manual Gear) ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဖြစ်ရမည်။

- လစာ(၁၈၀၀၀၀/-)

လျှောက်ထားလိုသူများသည် လိုအပ်သော စာရွက်စာတမ်းနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အမြန်ဆုံးလာရောက်လျှောက်ထားနိုင်ပါသည်။

## ကုမ္ပဏီဝန်ထမ်းအလိုရှိသည်

ဆေးပစ္စည်းများကို နိုင်ငံတစ်ဝန်းဖြန့်ချိရန်အတွက် စိတ်အားထက်သန်စွာ ရေရှည်တာဝန်ယူဆောင်ရွက်နိုင်သော ဝန်ထမ်းကောင်းများ အလိုရှိသည်။ လစာကောင်းမည်။

1. Medical Product Assistant (3p)-MBBS/BDS,U-30y/o
2. Medical Representative(5p)-B Pharm,B.Med Tech,U-30y/o
3. Sales and Marketing (10p)-ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်
4. Office Staff (3p)-ဘွဲ့ရ၊ A-(၃၀)နှစ်အောက်၊ MS Word+Excel ကျွမ်းကျင်သူ။
5. Packing & Delivery(5p)-အထက်တန်းအောင်၊ အသက်(၃၀)နှစ်အောက်
6. Ready Packing (10p)-အလယ်တန်းအောင်၊ အသက်(၂၅)နှစ်အောက်
7. Driver(5p)-အသက်(၃၅)နှစ်အောက်၊ လိုင်စင်သက်တမ်းအနည်းဆုံး(၃)နှစ်ရှိသူ

စိတ်ဝင်စားသူများ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်တို့၏မိတ္တူကို CV Formနှင့်အတူတွဲ၍ ၃၃၈(က)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

## အာရှ မဲဆောက်လုပ်ရေးကုမ္ပဏီ

ဝန်ထမ်းအလိုရှိသည်

- Marketing & Staff

ဖုန်း- 09-251100011, 09-253325263, 09-251100022

## ဝန်ထမ်း အလိုရှိသည်

FOREVER

1. Assistant Manager(Admin) (2)
2. Assistant Manager(HR) (2)
3. Office Assistant
4. HR Assistant (2)
5. Cameraman
6. Make-up
7. Customer Services
8. Photoshop
9. Driver

(17.11.2014)

## အမြန်အလိုရှိသည်

**Innlay Lover**

Tour Guide ကျား(၁)ဦး
Sale & Marketing မ (၁)ဦး
**ဖုန်း-၀၉-၃၃၄၁၂၆၂၅၊၀၉-၅၀၁၀၈၅၁**

## ဝန်ထမ်းအလိုရှိသည်

- ♦ ကားစတစ်ကာကပ်ကျွမ်းကျင် (၂)ဦး
- ♦ ကားဝါယာရိန်းကျွမ်းကျင် (၁)ဦး

**စုံစမ်းရန် ဖုန်း-၀၉-၅၅၀၅၉၀၅၊ ၀၉-၇၃၁၆၅၆၈၇**
**ရုံးချိန်အတွင်းသာ စုံစမ်းပါရန်။**
**(9:30AM-6:30PM)**

## ဝန်ထမ်း(၂)ဦးအလိုရှိသည်

(၁) ဘွဲ့ရပြီးသူ၊ အင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာကျွမ်းကျင်သူ (၁)ဦး
(၂) အိမ်တိုင်ရာရောက် အင်္ဂလိပ်စာ သင်ကြားပေးနိုင်သူ (၁)ဦး

အသက်(၂၅)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။

ဆက်ဆံရေးကောင်းမွန်၍ အလုပ်တွင် စိတ်ဝင်စားမှုရှိပြီး မိသားစုစိတ်ဓာတ်နှင့် လုပ်ကိုင်လိုသူ ဖြစ်ရမည်။ လစာကောင်းကောင်းပေးမည်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၂၂၃၃၊ ၀၉-၅၁၉၄၈၀၇**
**၁၅-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်လွှာလက်ခံမည်။**

## MIC Myanmar Imperial College

edexcel

- Lecturer and Assistant Lecturer (Business, English, Hospitality & Tourism)
  - Ph.D or MBA or Bachelor Degree in a related subject;
  - Minimum of 3-year teaching experience (Preferred in experience with teaching HND programme);
  - Good command in English.
- Assistant Programme Coordinator
  - Master's or Bachelor's Degree in business management (Preferred MBA holder);
  - Minimum of 2-year working experience in managing and excellent interpersonal skill;
  - Good command in English.
- Junior Accountant
  - B.Com or LCCI level III;
  - Minimum of 1-year working experience in related field;
  - Computer literate.
- Driver
- Canteen

09 73210001 / 01 537502

## VACANCY ANNOUNCEMENT

NCP

NEW CENTURY PAPER INDUSTRY
New Way Co., LTD

1) Paper Mill Maintenance Department Head
2) Paper Mill Production Department Head
3) Electrical Department Head
4) Boiler Assistant Manager
5) Executive Assistant M/F
6) IT Assistant
7) Project Accountant
8) Paper Mill Machine operator (5) ဦး
9) Maintenance Technician (4) ဦး
10) Driver (2) ဦး

## အထက(၂၄)စိန်ပန်း အငြိမ်းစားဆရာ၊ဆရာမများ ကန်တော့ပွဲ... 

## အထက(၂၄)စိန်ပန်း အငှမအကြိမ် အာစရိယပူဇော်ပွဲ နှိုးဆော်ဖိတ်ကြားလွှာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အထက(၂၄)တွင် ၁၉၆၈ ခုနှစ်မှ ၁၉၈၀ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော တပည့်များမှ အငှမအကြိမ် အာစရိယပူဇော်ပွဲကို ၆-၁၂-၂၀၁၄ ရက်(စနေနေ့)တွင် ဝါဆိုကျောင်း၊ ဇောတိကမ္ဗောရုံ၊ စိန်ပန်းရပ်၌ ကျင်းပမည်ဖြစ်ပါ၍ တပည့်အားလုံး လှူဒါန်းနိုင်ရန်နှင့် တက်ရောက်ကန်တော့ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

| | |
|---|---|
| ၁။ ဦးဝင်းကို ၀၉-၂၀၂၇၈၈၉၉ | ၂။ ဦးကျော်သန်း ၀၉-၂၀၀၇၀၀၂ |
| ၃။ ဦးစိုးမြင့် ၀၉-၂၀၀၄၄၆၆ | ၄။ ဦးဌေးတင့် ၀၉-၇၉၇၂၃၇၃၇၇ |
| ၅။ ဦးမောင်တာ ၀၉-၂၀၀၂၈၄၀ | ၆။ ဦးအောင်ဝင်း ၀၉-၂၀၆၁၂၁၀ |
| ၇။ ဒေါ်ခင်စန်းအေး ၀၉-၄၀၂၅၉၃၁၅၃ | ၈။ ဒေါ်ဆွေဆွေသိမ်း ၀၉-၂၅၆၂၅၉၉၈၆ |
| ၉။ ဒေါ်မော်မော်စန်း ၀၉-၉၁၀၁၁၀၀၆ | ၁၀။ ဒေါ်ဒါလီမြင့် ၀၉-၄၃၁၁၇၄၂၉ |

## ကျေးဇူးရှင်ရွှေဥမင် ဆရာတော်ကြီး၏
## (၁၂)နှစ်ပြည့် ဂုဏ်ရည်မှန်းဆ ကုသိုလ်ပြုမင်္ဂလာ ဖိတ်ကြားလွှာ

ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီးကို တည်ထောင်တော်မူခဲ့သော ကျေးဇူးရှင်ရွှေဥမင် ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လမထေရ်မြတ်၏ စံလွန်တော်မူခြင်း (၁၂)နှစ်ပြည့် ဂုဏ်ရည်မှန်းဆကုသိုလ်ပြုပွဲမင်္ဂလာကို (၁၃၇၆ ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၂ ရက်)၊ ၈-၁၁-၂၀၁၄ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုသိုလ်ရှင်စေတနာရှင်များအားလုံး ကျောင်းတိုက်၏ ပဓာနနာယကဆရာတော်ဖြစ်တော်မူသော တိပိဋကဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်ကြီးထံမှ တရားတော်မြတ်နာယူ၍ အတူတကွ ရေစက်ချကုသိုလ် အမျှရယူကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့**



## မွေးနေ့ဆုတောင်း

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးချစ်ဆွေ(ငြိမ်း)၏ ၃-၁၁-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှစ်ပေါင်းများစွာ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

| | | |
|---|---|---|
| **ချစ်ဇနီး** | - | **ဒေါ်နန်းထွမ်း** |
| **ချစ်သမီးကြီး** | - | **ငုဝါဆွေ** |
| **ချစ်သမီးငယ်** | - | **ချယ်ရီချစ်ဆွေ** |
| **ချစ်သားငယ်** | - | **စိုင်းအောင်ထွန်းချစ်** |

## (၁)နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်သမီးလေး မအိမ့်ကြာဖြူခေတ်(ခ) Jewel ၏ (၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တောက်ပသည့် ရတနာအလား ထွန်းလင်းနိုင်ပြီး မိသားစုအကျိုး၊ ဘာသာသာသနာအကျိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုတောင်းလျက်. . . .။

**နှစ်ဖက်သောဘိုးဘိုး၊ ဘွားဘွားများ၊**
**ဖေဖေ Dr.ဟိန်းထက်ဇော်၊ မေမေ ဒေါ်သင်းသီရိထွန်း၊**
**ကိုကို ဟိန်းလကျ်ာထွန်း(ခ) Harry နှင့်**
**ချစ်သော ဦးဦး၊ တီတီများ**

## ဖေဖေဦးဝေဖြိုးနှင့်မေမေဒေါ်ယုမွန် တို့၏မင်္ဂလာသက်(၁၀)နှစ်ပြည့် နှင့် သားသား " ဖွဲ့ဝေဖြိုး " (၄)နှစ်ပြည့် မွေးနေ့ တို့အတွက် ဆုမွန်ကောင်း

၆.၁၁.၂၀၁၄ ရက်တွင် ကျရောက်သည့်ဖေဖေ ဦးဝေဖြိုးနှင့် မေမေဒေါ်ယုမွန်တို့၏ မင်္ဂလာသက်(၁၀) နှစ် မှသည် နောင်နှစ်ပေါင်းများစွာတိုင် တုယှဉ်မကွဲ ရွှေလက်တွဲပြီး ချစ်သောသားသားနှင့်အတူ သာယာချမ်းမြေ့သော ဘဝလေးကို ဖြတ်သန်းနိုင်ပါစေ နှင့် ၃.၁၁.၂၀၁၄ ရက်တွင် ကျရောက်သော သားသားဖွဲ့ဝေဖြိုး၏ (၄)နှစ် ပြည့်မွေးနေ့မှသည် ယဉ်ကျေးလိမ္မာသော သားကောင်းရတနာဖြစ်ခြင်း၊ တတ်သိနားလည်ခြင်း၊ ထူးချွန်ထက်မြက်ခြင်း၊ ကျန်းမာပျော်ရွှင်ခြင်း တို့နှင့်ပြီးပြည့်စုံသော မွေးနေ့ပေါင်းများစွာကို ဖေဖေဦးဝေဖြိုး - မေမေဒေါ်ယုမွန် မိသားစုတို့နှင့်အတူ ပိုင်ဆိုင်နိုင်ပါစေ။


ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများ
ရွှေရိုးကုမ္ပဏီလီမိတက်
ရသာချိုစက်မှုလုပ်ငန်းလီမိတက်
ရွှေရိုးစက်မှုလုပ်ငန်းလီမိတက်
မာကျူရီမြန်မာ့ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်

**ဒဂုံမြို့သစ်(ဆိပ်ကမ်း/တောင်ပိုင်း) မြေကွက်များ ဝယ်လိုပါသည်။**
ဖုန်း- ၀၉-၂၅၃၃၆၁၃၅၄၊ ၀၉-၂၅၃၂၆၂၀၀၆

**STBG ခရီးသွားလုပ်ငန်း**
၀၉-၇၃၀၈၁၆၉၆၊ ၀၉-၂၅၄၂၅၄၉၉၇
ခရီးစဉ်အမျိုးမျိုး၊ မြို့တွင်း၊ မြို့ပြင် ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။







## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၂၉၃၊ မြေကွက်တည်နေရာအမှတ်-၂၉၃၊ ချမ်းမြေ့သာယာ(၁)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း (ဦးသောင်းညွှန့်၊ JE-၀၀၁၄၉၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းညွှန့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ညွန့်ညွန့်၊ ၉/ညဥန(နိုင်)၀၀၃၂၉၁၂က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**





## စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဒေါက်တာနိုင်ထက်အောင်မှူး LL.B (Law) Dagon University,
B.Sc (Hons) Computer Science (London Metropolitan University UK)

နှင့်

မေဆုခင်စေတီ B.A Chinese Yangon University of Foreign Language,
ACCA (Association of Charter Certified Accountant UK) တို့၏

... Chatrium Hotel ... Sedona Hotel ... OTS ... Board of Director S.S.S motor services Ltd ... Amara Zela Studio ... Dagon Printing & Wedding Inviting Card ... Sedona Hotel နှင့် Chatrium Hotel ... PTT EP ...

ဒွေလမင်းသမီး ... 371317, 095124878, 098627170

GOLDEN VIEW MYANMAR Travels & Tours

EUGENIA STAR Tours & Travels
09250390020, 09250387120, 09250536110

အမြန်ပြန်လာပါ
ကိုကိုမောင်(၁၂/အစန(နိုင်)၂၀၈၁၇၅)
ရောက်ရာအရပ်က အမြန်ပြန်လာပါ။
အမေကြီးနှင့်အမကြီး အရမ်းစိတ်ပူနေသည်။
ဦးထွန်းလှကြိုင်-ဒေါ်ရီရီမြင့်

ကလေးနှာမည်ပေး ... 01-394727, 01-399426, 09-73089994

ကွန်ပျူတာ သင်တန်းများ
- Computer Basic(Office 2013)
- Advanced Excel / D.T.P
- Graphic Design( CS6)
- Professional Graphic Design
- Programming ( C++ /Java)
- Web Designer / Developer
- Video Editing / Adobe Flash
- Pratical A+/Ms Access

အင်ဂျင်နီယာပိုင်း သင်တန်းများ
Auto CAD (Intermediate)
Auto CAD (Advanced)
Auto CAD (Civil/Archi)
Auto CAD (Mech)
Etabs & Safe
Estimate
3ds Max

အင်္ဂလိပ်စာ သင်တန်းများ
General English(4 Skills)
Spoken English
Interview English
Business English

VALUESTAR EDUCATION CENTRE
01-516038 , 01-526534

MYANMAR SEARCH INT'L
MSI နှင့် Webster ...
- US News and World Report ... "America's Best Colleges"
- Webster ... Global Business World ... Professional Bodies ...
IGCSE, GCE "O" Level, "A" Level
Business Administration / Psychology / Management / International Relations / International Business / Media Communications / Marketing / Advertising & Marketing Communications / Human Resource / IT & Management / Animation / Computer Science
Date : 18-11-2014 (Monday)
Time : 1:30 PM to 3:00 PM
Place : MSI Office (No.234, 2nd Floor (R), Shwebontha Street (Mid Block), Pabedan Tsp, Yangon.)
MSI 09-5103915, 01-389915, 01-250929

ဒေါ်သီတာဦး
LCCI I, II
(A) Sun 1 - 4 : 30 pm (9.11.2014)
MYOB, UBS, Taxation, Accounting

အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
EPS-TOPIK(ကိုရီးယားဘာသာစကား
အရည်အချင်းစစ်စာမေးပွဲ)
ပညာအရည်အချင်းမလိုတဲ့
သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့သွားကြစို့
* လစာ ၁၅သိန်းဝန်းကျင်ရရှိနိုင်ပါသည်။
* မြန်မာစကား ကျွမ်းကျင်စွာပြောနိုင်သော ကိုရီးယားလူမျိုး ဆရာကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
* ကိုရီးယား ဘာသာစကားကို လုံးဝ မတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲအောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
* ကိုရီးယားဘာသာစကား၊ ကိုရီးယားယဉ်ကျေးမှုနှင့် ကိုရီးယားလုပ်ငန်းခွင် စသည့် အားလုံးသော အတွေ့အကြုံများကို ပေါင်းစပ်သင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များ ၁၀-၁၁-၂၀၁၄ ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။
လိပ်စာ - အမှတ် B-30၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။
ဖုန်း - 01 512804, 09-30093592, 09-430 29256
- ချမ်းသာပလာဇာ(ဒုတိယထပ်)အထက်ပုဇွန်တောင်လမ်း၊
- 01-397502, 01-299133, 09-5150582

ဗေဒင်ဖြင့်မကုန်လျှင်ငွေမယူ ဗေဒဂါကသင်္ကေတ

# ဇေတဝတီက

ထိပ်တန်း၊ ဇရီထွ ရာတိုက်

"ဇိနငယာ နာမ ဗုဒ္ဓဘာသာနဲ့ သဘာဝ" "ဇိနည်းတော်သည် ဗုဒ္ဓဘာသာသနာတော်၏အသက် ဖြစ်ပါသည်။"

Email: ... Website: ...

## ၂၀၁၄ ခုနှစ် ဇေတဝတီက ဗဒိုရင်းဆိုင်ခွဲသစ်များ

ဇေတဝတီက (မ / ဥက္ကလာ)

ဇေတဝတီက (အင်းစိန်)

ဇေတဝတီက (သုဝဏ္ဏ)

ဇေတဝတီက (သိမ်ကြီးဈေး)

ဇေတဝတီက (မြေနီကုန်း)

ဇေတဝတီက (တ / ဥက္ကလာ)

ဇေတဝတီက (ဒေါင်းစကာ)

## ၂၀၁၄ ခုနှစ် ဇေတဝတီက အမှတ်တံဆိပ် ကာထိန်သင်္ကေနုံးများ



**သန့်ရှင်းရေး ဝန်ဆောင်မှု**

**ကား**



**SEVEN စံ**

**မြေကွက်ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား? SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။

• ပွဲခလုံးဝမယူပါ •

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၄၃၃၃၃၃၁၄၊ ၀၉-၃၁၉၅၈၉၅၈



**မြေကွက်ဝယ်လိုသည်**

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း

09 250644566
09 255781353
09 254046497



ဒဂုံမြို့သစ်
(တောင်ပိုင်း)(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း-0943075129


**ကွာရှင်းပြတ်စဲခြင်း**

ဦးစိုးမင်းဦး [၁၂/ဒဂမ (နိုင်) ၀၆၇၄၅၂]နှင့် အမှတ်(၆၂)၊ နဝရတ်ကိုးသွယ်လမ်း၊ (၅၆) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေ ဒေါ်လှဲလှဲဝင်း (မှတ်ပုံတင်ပြုလုပ်ဆဲ)မှာ သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ကွာရှင်းပြတ်ဆဲကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်လှဲလှဲဝင်း


**စရာင်းရန်ရှိသည်**

AUTO SERVICE CENTER သုံးပစ္စည်းများရောင်းမည်။
- Computer Wheel Alignment (1 Set)
- Lift များ
- Diagnostic စက်
- အထွေထွေသုံးပစ္စည်းများ

09-5166692, 09-73252601



7th Corner

Discount (15000/- Ks)

100%

Ph :01 500766



09-73009869
09-73013432
09-73028433

**Computer Training**

Basic Computer | I-Office | Excel Special

Graphic | DTP

Adobe Photoshop Design Course



# EVER UP HUMAN RESOURCES INSTITUTE

abe (UK) College

EVER UP

## CERTIFICATE IN BUSINESS ENGLISH WRITING SKILLS

**PROGRAM OUTLINES**
- Developing Business Documents
- Composing Business Letters
- Drafting An Internal Company Reports
- Business Text Comprehension
- Paraphrasing & Presentation Basic
- Developing Business Proposal ... many more

**2014 November 9**

• 1 to 4 PM

Room-402, MGW Tower, Bo Aung Kyaw St, Botahtaung Township, Yangon, Myanmar

Tel :95-1-256523, 09 731 75137

ENROLL NOW! LIMITED SEAT.